သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၂၆)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ပါရမီခုံးကျော်တံတားစစ်ဆေး သတ်မှတ်ချိန်ထက်စောပြီးစီးရေးနေ့ညဆောင်ရွက်နေမှုများရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်နေသော ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီ ၁၅မိနစ်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပါရမီခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ပါရမီခုံးကျော်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းဆိုင်ရာအချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် နေ့ညဆောင်ရွက်နေမှု၊ **စာမျက်နှာ ၈ ကော်လံ ၁** ■

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကိုယ်စားလှယ်များ အိပ်ဆောင်အလိုက်နေရာချထားမှုနေထိုင်ရေး၊စားသောက်ရေး၊ကျန်းမာရေး၊သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စားလှယ်များ၏နေထိုင်စားသောက်ရေး၊ကျန်းမာရေးဆောင်ရွက်ထားရှိမှုကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၅

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည်ယနေ့နံနက်ပိုင်းတွင်အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများလိုက်ပါလျက် အမျိုးသားညီလာခံကျင်းပမည့် မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိလာကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အိပ်ဆောင်အလိုက်နေရာချထားပေးမှု၊ ကိုယ်စားလှယ်များ၏ နေထိုင်ရေး၊စားသောက်ရေး၊ကျန်းမာရေး၊ သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရောက်ရှိနေကြသည့် တည်းခိုဆောင် (၆)မှ (၁၀)အထိ တည်းခိုနေသော မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ၊ **စာမျက်နှာ ၃ ကော်လံ ၁** ●

အမျိုးသားညီလာခံကို ကြိုဆိုပါ၏။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မေလ ၁၆ ရက်)

ကျေးလက်နေပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆည်မြောင်းတာတမံများကို ထိထိရောက်ရောက်အသုံးချ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်။ နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ကျေးလက်နေပြည်သူများ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူဖြစ်စေမည့် ဆည်မြောင်းတာတမံများကို တစ်လလျှင် တစ်ဆည်ကျ ဖွင့်လှစ်ပေးခဲ့သည်။ ယခုအခါ နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ဆည်မြောင်းတာတမံစုစုပေါင်းမှာ ၁၅၉ ခုရှိနေပြီ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်နေပြည်သူများ၏ စီးပွားရေး ပိုမို ဖွံ့ဖြိုးတိုးတက်စေရန်–

> **"စိုက်ပျိုးရေးလုပ်ငန်းတွင် ရေရရှိရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ဆည်မြောင်း၊ ကန်၊ ချောင်းများကို အခြေအနေပေးသည့် ဒေသတိုင်း၌ တိုးချဲ့တည်ဆောက်သွားရမည်ဖြစ်ကြောင်း"**

လမ်းညွှန် မှာကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆည်မြောင်းတာတမံလုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆည်မြောင်းတာတမံလုပ်ငန်းပေါင်း ၁၅၉ ခုအတွက် ငွေကျပ်သန်းပေါင်း ၆၉၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျကျပါဝင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်တွင် သောက်သုံးရေနှင့် စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအချက်သည် ပဓာနကျသော အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ နိုင်ငံတော်က ဆည်မြောင်းတာတမံ ၁၅၉ ခု တည်ဆောက်ပေးခဲ့သည့်အတွက် သောက်သုံးရေသာမက စိုက်ပျိုးမြေဧက နှစ်သန်းတစ်သိန်းကျော်ကို အချိန်တိုအတွင်း ရေသွင်းစိုက်ပျိုးနိုင်ရန် ဖန်တီးပေးနိုင်ပြီဖြစ်သည်။

ထိုရရှိထားသော အခြေအနေကောင်းများကို ကျေးလက်နေပြည်သူများက တန်ဖိုးရှိရှိ အသုံးချတတ်ရန် လိုပေသည်။ တည်ဆောက်ပြီး ဆည်မြောင်းတာတမံများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်သည်။ ထို့အပြင် မိမိတို့၏ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားသည်ထက် မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်သည်။

ရေလှောင်တမံမှ ရေများကို ဒေသခံပြည်သူများ ရယူသုံးစွဲရာတွင် တူးမြောင်းစနစ်များ မပျက်စီးရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေညစ်ညမ်းမှုမရှိစေရေးအတွက် သတ်မှတ်ထားသည့် ဆည်မြောင်းစည်းကမ်းများကို လိုက်နာကြပြီး စနစ်တကျ လုပ်ကိုင်သုံးစွဲကြရန်လိုသည်။

ပူပြင်းသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံချက်ကို ၁၃ ခရိုင်အထိ တိုးချဲ့ပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးစီမံချက်ကို တိုးတက်ပြောင်းလဲ အကောင် အထည်ဖော်လျက်ရှိသည်။ ထိုဒေသများတွင် တည်ဆောက်ထားသော ဆည်မြောင်းတာတမံများသည် ဒေသဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုလျက်ရှိသည်။

ထိုစီမံချက်တွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုကြောင့် အကျိုးသက်ရောက်မှုများ မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။ စိုက်ပျိုးရေရရှိပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာသည်နှင့်အမျှ ရာသီဥတုလည်း ညီညွတ်မျှတလာမည် ဖြစ်သည်။ ထို့အတူပင် စိုက်ပျိုးနိုင်သော မြေဧရိယာတိုးတက်လာပြီး ဒေသခံပြည်သူများ၏ လူနေမှုဘဝသည်လည်း အချိန်တိုကာလအတွင်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။

သို့ဖြစ်ရာနိုင်ငံတော်က ကျေးလက်နေပြည်သူများအတွက် တည်ဆောက်ပေးထားသော ဆည်မြောင်းတာတမံများမှ ရရှိသည့် စိုက်ပျိုးရေကို ဒေသခံပြည်သူများက ထိထိရောက်ရောက်အသုံးချ၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး နိုင်ငံတော်၏ စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေး ပိုမိုတိုးတက်တောင့်တင်းခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၆–၅–၂၀၀၄
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"အစွန်းနှစ်ဖက်သို့ မကပ်ပါမှ"**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Quality Control (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း–၂၁)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ လျှပ်တစ်ပြက်
- ၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် မိခင်သစ္စာ"**(အပိုင်း–၇) (ဇာတ်သိမ်းပိုင်း)
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးပေါဟင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

အောင်မြေရတနာသုံးထပ်ဆွမ်းစားကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်၊ ဗဟန်း ၃ လမ်း သုဓမ္မာတိုက်ကျောင်း သဒ္ဓမ္မဇောတိကဓဇ မဟာပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝါယမ၏ ဆောက်လုပ်ဆဲ အောင်မြေရတနာ သုံးထပ် ဆွမ်းစားကျောင်းအတွက် စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲကို မေ ၉ ရက်က ယင်းကျောင်းတိုက်၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ဦးအောင်မင်းထွန်း–ဒေါ်ထွန်းအိန္ဒြာဗို (ရုပ်ရှင်သရုပ်ဆောင်) မိသားစုက ကျောင်းဆောင် တစ်ထပ်အတွက် ကျပ်သိန်း ၃၀၀ အား ပထမအရစ်အဖြစ် ကျပ်သိန်း ၁၀၀ နှင့်**(အပေါ်ပုံ)** ဦးစိန်လှိုင်–ဒေါ်ဆွေဆွေမာ(စိန်ဘရားသား ရောင်းဝယ်ရေး၊ ဘုရင့်နောင်) မိသားစုက ကျပ် ၁၀ သိန်း၊ ကျောက်မြောင်းနေ ဦးလှမြင့်–ဒေါ်ခင်လေးရီ မိသားစုက ကျပ်ခြောက်သိန်း၊ မဟာဗန္ဓုလလမ်း အမှတ် ၈၂၃ နေ ဒေါ်ညွှန့်ရွှေမိသားစုက ကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းဆောင်ကြီး ဖြစ်မြောက်ရေး ကြီးကြပ်မှု အင်ဂျင်နီယာများက လက်ခံရယူကြသည်။ **(က–ပ)**

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၁၅

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ်၊ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို မေ ၂၂ ရက်(စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်သည်။ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးရန်နိုင် ဖုန်း–၅၆၀၃၀၁၊ ဦးနု ဖုန်း–၂၁၀၅၈၃၊ ဦးသာအောင်ကျော် ဖုန်း–၅၂၆၃၅၇၊ ဦးဝမ်းမောင် ဖုန်း–၅၄၄၆၂၁၊ ဦးအေးလွင် ဖုန်း–၂၁၂၉၆၉ ၃၀၅၊ ဦးကျော်မင်း ဖုန်း–၂၁၂၉၆၉ ၃၀၉၊ ဦးရန်နောင် ဖုန်း–၆၄၀၁၈၈ တို့သို့လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးများမှတစ်ဆင့်လည်းကောင်း အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ် ပေးပို့လှူဒါန်းနိုင်ကြောင်းနှင့် မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

● ရှေ့ဖုံးမှ

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁)၊ အထူးဒေသ(၂)၊ အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ (၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အထူးဒေသ(၅)(ကေဒီအေ)၊ အထူးဒေသ(၇)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ အထူးဒေသ(၂)၊ အထူးဒေသ(၃)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (ကေအင်န်ပီပီ)၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (ကေအင်န်ပီပီခွဲထွက်/ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ (ကမစည)၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့မှ တိုင်းရင်းသား ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့သည် ကိုယ်စားလှယ်များ အလွယ်တကူ ဝယ်ယူနိုင်ရန်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံကိုယ်စားလှယ်များ အိပ်ဆောင်အလိုက် နေရာချထားမှု၊ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့သည် တည်းခိုဆောင်(၁၁)မှ (၃၉)အထိ တည်းခိုဆောင်များတွင် တည်းခိုလျက်ရှိကြသော ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ တိုင်းရင်းသားကိုယ်စားလှယ်များအားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ကိုယ်စားလှယ်များအားလည်းကောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအားလည်းကောင်း၊ တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်းတို့မှ တိုင်းရင်းသားကိုယ်စားလှယ်များအားလည်းကောင်း၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ ပြည်ထောင်စုတိုင်းရင်းသားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအားလည်းကောင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊စစ်ကိုင်းတိုင်း၊တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသား ကိုယ်စားလှယ်များအားလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအားလည်းကောင်း၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား ကိုယ်စားလှယ်များအားလည်းကောင်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့သည် ဧရာဝတီတိုင်းမှ တိုင်းရင်းသား ကိုယ်စားလှယ်ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ ဘုရားကုန်းအထူးဒေသအဖွဲ့၊ ရှမ်းပြည်နယ် အမျိုးသားတပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော်(အေအေ) အဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန် ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်ခွဲထွက် နိုင်စိုက်ချမ်းအဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ တည်းခိုဆောင်(၅)၊ (၃)၊ (၁)တို့တွင် တည်းခိုလျက်ရှိသော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်) ခမီအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ မြို(ခေါ်) ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလအဖွဲ့များမှ အရွေးချယ်ခံကိုယ်စားလှယ်များအားလည်းကောင်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်တို့ မှများ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များအား

စာမျက်နှာ ၁၂ ကော်လံ ၁

အတွက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် သမဝါယမဝန်ကြီးဌာန ဂျီအီးစီအရောင်းဆိုင်၊ စိန်စကြာလွယ်အိတ်၊ တိုင်းရင်းသားရိုးရာဝတ်စုံနှင့် ချည်ထည်အမျိုးမျိုး အရောင်းဆိုင်၊ ဂရင်းကျန်းမာရေးစောင့်ရှောက်မှုသမဝါယမအသင်း လီမိတက်အရောင်းဆိုင်တို့၌ ဝယ်ယူအားပေးနေကြသော ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့သည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးစခန်း၌ ရိုးရိုးကြေးနန်း၊ ကွန်ပျူတာကြေးနန်း၊ တယ်လီဖုန်း၊ ရိုးရိုးစာ၊ ငွေပို့လွှာ၊ မှတ်ပုံတင်(ထုပ်ပိုး)၊ တံဆိပ်ခေါင်း ရောင်းချမှုစသည့် ကိုယ်စားလှယ်များ

မေ ၁၅ ရက်က အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကိုယ်စားလှယ်များအတွက် သမဝါယမဝန်ကြီးဌာန အရောင်းဆိုင်များ၏ သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နာဂျက်ဖ်၌ ကန်တပ်ဖွဲ့နှင့် အီရတ်ပြောက်ကျားများ ညလုံးပေါက်တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား

ဘဂ္ဂဒက် မေ ၁၄

အီရတ်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါကို သစ္စာခံသော အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့တွင် ကြာသပတေးနေ့ညက ညလုံးပေါက် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်တစ်ခုက ကြာသပတေးနေ့၌ ပြောကြားသည်။

အရပ်သုံးမျက်နှာမှနေ၍ နာဂျက်ဖ်မြို့တွင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်လာချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဆာဒါ၏ ပြည်သူ့စစ်အဖွဲ့ဝင်များ ပြီးခဲ့သောညက တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ အမေရိကန် တင့်ကားများနှင့် သံချပ်ကာကားများသည် နာဂျက်ဖ်မြို့၏ ၁၉၂၀ တော်လှန်ရေး ရင်ပြင်သို့ ဝင်ရောက်ခဲ့ကြကြောင်း မျက်မြင်တွေ့သူတစ်ဦးက ပြောကြားသည်။ တိုက်ပွဲသည် အရဏ်တက်ချိန်ထိ ဆက်ဖြစ်ခဲ့ရာ မိသားစုအများအပြားသည် ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရသည်ဟု မျက်မြင်တွေ့ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နာဂျက်ဖ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ် ပြောက်ကျားတို့ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိရာ ပြန်လည်ပစ်ခတ်တိုက်ခိုက်ရန် ပြင်ဆင်နေသော အီရတ်ပြောက်ကျားတို့ကို မေ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှု ဂရိအစိုးရက ပြစ်တင်ရှုတ်ချ

အေသင် မေ ၁၄

အီရတ်နိုင်ငံတွင် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဂရိအစိုးရက ဗုဒ္ဓဟူးနေ့၌ ပြင်းထန်စွာ ပြစ်တင်ရှုတ်ချလိုက်သည်။

ပြောကြား

အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုအား ဖော်ပြခဲ့သော ဓာတ်ပုံများနှင့်ပတ်သက်၍ နိုင်ငံတကာဆိုင်ရာ ပြည်သူများ၏ သဘောထားအမြင်အတိုင်း ဂရိနိုင်ငံက တူညီသော သဘောထားရှိကြောင်း ဂရိအစိုးရ ပြောခွင့်ရှိသူက သတင်းထောက်များကို ပြောကြားသည်။

မည်သည့်နေရာမှ အရင်းခံလာသော အကြမ်းဖက်မှုကိုမဆို ဂရိအစိုးရက ပြစ်တင်ရှုတ်ချကြောင်း၊ အကြမ်းဖက်မှုသည် အကြမ်းဖက်မှုကိုသာ ဖြစ်စေကြောင်း ၎င်းက ပြောကြားသည်။

ထုတ်ပြန်

အဓိကအတိုက်အခံ ပါဆော့ခ်ပါတီ၏ ပါလီမန်အဖွဲ့ဝင် ၇၀ နှင့် အခြေခံ လက်ဝဲညွန့်ပေါင်းပါတီတို့မှ ပါလီမန် အဖွဲ့ဝင်တစ်ဦးတို့သည် အီရတ်၌ မကြုံစဖူးသော လူ့အခွင့်အရေးချိုးဖောက်မှုကို ပြစ်တင်ရှုတ်ချသော ကြေညာချက်တစ်ရပ်ကို ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်အကျဉ်းသားများကို မမှန်မကန်ဆက်ဆံမှု ဆိုးရွားသောလုပ်ရပ်ဖြစ်ဟု ကိုဖီအာနန်ပြောကြား

ကုလသမဂ္ဂ မေ ၁၄

အပေါင်းပါတပ်ဖွဲ့ဝင်များက အကျဉ်းသားများကို မမှန်မကန်ပြုမူဆက်ဆံခြင်းသည့် ဆိုးရွားသောလုပ်ရပ်ကိုဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကုလသမဂ္ဂ၌ ကြာသပတေးနေ့က ပြောကြားလိုက်သည်။

အီရတ်အကျဉ်းသားကိစ္စကို ဘေးချိတ်ပြီး ကြားဖြတ်အစိုးရ ထူထောင်ရေးကို လက်ခ်ဒါဘရာဟီမီ ဦးဆောင်သော ကုလသမဂ္ဂအဖွဲ့က စူးစိုက်လုပ်ဆောင်နိုင်စွမ်းရှိမည်ဟု မိမိမျှော်လင့်ကြောင်း အာနန်က ပြောကြားသည်။

ထိုအတောအတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အမေရိကန် အရပ်သားတစ်ဦး ခေါင်းဖြတ် အသတ်ခံရသည့်ကိစ္စသည် စက်ဆုပ်ရွံရှာဖွယ် လုပ်ရပ်ဖြစ်ကြောင်း ထပ်မံပြောကြားလိုက်ပြီး နိုင်ငံရေးအဖွဲ့အစည်းများအားလုံး ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ နိုင်ငံတကာဆိုင်ရာ စံများကို လေးစားလိုက်နာကြရန် တိုက်တွန်းလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဆီးရီးယားကို အမေရိကန်က ပိတ်ပင်အရေးယူမှု အိမ်နီးချင်းနိုင်ငံများ၏ ပါလီမန်ဥက္ကဋ္ဌများက လုံးဝကန့်ကွက်ကြောင်း ပြောကြား

အမ္မန် မေ ၁၄

ဆီးရီးယားနိုင်ငံအား အမေရိကန်ပြည်ထောင်စုက ပိတ်ပင်အရေးယူခြင်းကို လုံးဝကန့်ကွက်ကြောင်း အီရတ်၏ အိမ်နီးချင်းနိုင်ငံ ပါလီမန်ဥက္ကဋ္ဌများက ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

ပိတ်ပင်အရေးယူခြင်းသည် နိုင်ငံတကာဆိုင်ရာ ဥပဒေ၊ ကွန်ဗင်းရှင်းများနှင့် လူ့စံနှုန်းများကို ပြတ်ပြတ်သားသားချိုးဖောက်ကြောင်း အမ္မန်၌ပြုလုပ်သော ပါလီမန်ဥက္ကဋ္ဌများ အစည်းအဝေးက ထုတ်ပြန်သည့် ကြေညာ၌ ဖော်ပြထားသည်။

တက်ရောက်

အစည်းအဝေးတွင် ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ ဆီးရီးယား၊ အီဂျစ်၊ ဘာရိန်း၊ တူရကီနှင့် ဂျော်ဒန် ပါလီမန်ဥက္ကဋ္ဌများအပြင် အာရပ်ကိုယ်စားလှယ်များနှင့် နိုင်ငံတကာဆိုင်ရာ ပါလီမန်သမဂ္ဂကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ဖော်ပြ

ထိုကဲ့သို့သော ပိတ်ပင်အရေးယူမှုသည် အများနှင့် လိုက်လျောညီထွေမှုမရှိသော အလေ့အကျင့်တစ်ခုဖြစ်ပြီး ဒေသနှင့်ဆိုင်သော အမေရိကန်အစိုးရက ချမှတ်ကျင့်သုံးသည့် မလိုတစ်မျိုး လိုတစ်မျိုး သဘောထားအတွင်းမှလာသည့် အလေ့အကျင့်ဖြစ်ကြောင်း၊ ခွဲခြားဆက်ဆံပြီး တိုးချဲ့သော အစွဲရေးမူဝါဒများကို အကျိုးပြုရန်ဖြစ်သည့်ပြင် ပါလက်စတိုင်းပြည်သူများကို ဆန့်ကျင်သော အစ္စရေးနိုင်ငံ၏ အကြမ်းဖက်လမ်းစဉ်လည်းဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

ရည်ရွယ်

နှစ်ရက်ကြာကျင်းပသော ယင်းအစည်းအဝေးသည် ကြာသပတေးနေ့ ညနေပိုင်း၌ ပြီးဆုံးသွားခဲ့သည်။ ယင်းအစည်းအဝေး၏ ရည်ရွယ်ချက်မှာ အီရတ်၌ဖြစ်ပေါ်နေသည့် မကြုံစဖူးသော အခြေအနေများ အဆုံးသတ်ပြီး အီရတ်တို့အနေဖြင့် အမျိုးသားရေးဆိုင်ရာ အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရန် ရည်ရွယ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ



ဘဂ္ဂဒက်မြို့ရှိ အဘူဂါရိုပ် အကျဉ်းစခန်းမှ ပြန်လည် လွတ်မြောက်လာသော အီရတ် အကျဉ်းသားများအနီး အမေရိကန် တပ်ဖွဲ့ဝင် တစ်ဦး စောင့်ကြပ်နေသည်ကို မေ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကန်တို့ပစ်ခတ်၍ ဖိလစ်ပိုင်အလုပ်သမားများသေဆုံး၊ ဒဏ်ရာရရှိမှု လုံခြုံရေးအခြေအနေပြန်လည်စိစစ်ရန် အာရိုယို အမိန့်ပေး

မနီလာ မေ ၁၄

အီရတ်နိုင်ငံတွင် နောက်ထပ် ဖိလစ်ပိုင်အလုပ်သမားများ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများရှိခဲ့ပြီးနောက် ပင်လယ်ရပ်ခြား ဖိလစ်ပိုင်အလုပ်သမားများ၏ လုံခြုံရေးအခြေအနေကို ပြန်လည်အကဲခတ်ရန် သမ္မတ ဂလိုရီယာမက်ပါဂါးလ်အာရိုယိုက ဗုဒ္ဓဟူးနေ့၌ အမိန့်ပေးလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးရာဌာနက နောက်ဆုံးထုတ်ပြန်သည့်သတင်းအရ အင်္ဂါနေ့၌ အမေရိကန်စစ်စခန်းကို စိန်ပြောင်းဖြင့်တိုက်ခိုက်ခဲ့ရာတွင် ဖိလစ်ပိုင်အလုပ်သမားတစ်ဦး သေဆုံးခဲ့ပြီး အခြားလေးဦး ဒဏ်ရာရခဲ့သည်ဟု သိရသည်။

ထိုဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် အထူးသံတမန် ရှိုင်းစီမာတူဦးဆောင်သောအဖွဲ့ကို အာရိုယိုက အမိန့်ပေးခဲ့သည်။ အကယ်၍ အီရတ်ရှိ အမေရိကန်စစ်စခန်းမှ ပင်လယ်ရပ်ခြား ဖိလစ်ပိုင်အလုပ်သမားများ၏ လုံခြုံရေးအခြေအနေ မလုံလောက်လျှင် ထိုအလုပ်သမားများကို လုံခြုံသောဒေသသို့ ရွှေ့ပြောင်းပေးရမည်ဟု အာရိုယိုက ပြောကြားသည်။ ထိုအမေရိကန်စစ်စခန်း၌ အလုပ်လုပ်နေသော ပင်လယ်ရပ်ခြား ဖိလစ်ပိုင်အလုပ်သမားများ အရေအတွက်သည် ၁၃၀၀ ခန့်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်အကျဉ်းသားများ အနှိပ်စက်ခံခဲ့ရသောဓာတ်ပုံများ အမေရိကန်တို့အပေါ် ယုံကြည်မှု ပျက်ပြားစေခဲ့

ဝါရှင်တန် မေ ၁၃

အီရတ် အကျဉ်းသားများအပေါ် အမေရိကန်တို့ မဖွယ်မရာပြုမူဆက်ဆံ မှုများနှင့် ပတ်သက်ပြီး အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးကို စစ်ခုံရုံးတင်စစ်ဆေးမည်ဖြစ်ပြီး အီရတ်အုပ်ချုပ်ရေးကောင်စီကိုလည်း အီရတ်ပြည်ထဲရေးဝန်ကြီးဟောင်း ဘာဒရန်က ပြစ်တင်ပြောကြားခဲ့သည်။ ယခုရက်ပိုင်းအတွင်း အီရတ်နိုင်ငံရှိ အကျဉ်းထောင်များထဲ၌ သန့်ရှင်းမှုများကိုတင်ပြင်ဆင်ထားပြီး အီရတ်လူမျိုးတာဝန်ရှိသူများလာရောက်ကြည့်ရှုနိုင်အောင် အမေရိကန်တို့က အချိန်တိုင်း၌အားပေးဟန်ဆောင်ပြုလုပ်ထားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဟောင်း ဘာဒရန်က ဆက်လက်ပြောကြားသည်။

ပျက်ပြား

အဘူဂါဘီ အကျဉ်းထောင်မှ အီရတ်အကျဉ်းသားဓာတ်ပုံများကို ပြသခြင်းသည် အမေရိကန်တို့အပေါ် ယုံကြည်မှုမရှိလောက်အောင်ပျက်ပြားစေခဲ့ပြီး အထူးသဖြင့် အာရပ်၊ အရှေ့အလယ်ပိုင်းဒေသမှ ပြည်သူများအတွက် အမေရိကန်တို့အပေါ်ယုံကြည်မှုကင်းမဲ့စေကြောင်း၊ ထိုပုံများကိုနိုင်ငံတကာစာနယ်ဇင်း မီဒီယာများသို့ ဖြန့်ဝေပြသခြင်းထက် ပိုမိုဆိုးရွားကြောင်း ဘာဒရန်က ပြောကြားခဲ့သည်။ ထိုကိစ္စကို အမေရိကန်တပ်ဖွဲ့ဝင်များက ဝမ်း နည်းကြောင်း ပြောကြားခဲ့သော်လည်း အီရတ်လူမျိုးတို့က လုံးဝဂရုမပြုကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဟောင်းက ပြောကြားသည်။

ပစ်ခတ်ခဲ့

ယင်းကိစ္စကို အမေရိကန်တို့က ဖုံးအုပ်ထားသော်လည်း အီရတ်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလိုကြောင်းလည်း သိရသည်။ ယမန်နေ့နံနက်ပိုင်းကလည်း ဘဂ္ဂဒက်မြို့လမ်းများပေါ်ရှိ ဒေသခံများကို ပစ်မှတ်ထားကာ အမေရိကန်သံချပ်ကာယာဉ်များက ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ လွန်ခဲ့သော နှစ်ရက်ကျော်ကလည်း အီရတ်တို့၏ မီဒီတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၃၅ဦးကို အမေရိကန်တို့က ပစ်ခတ်ခဲ့ပြီး အီရတ်တို့ သေဆုံးမှုများပြားလာအောင် အမေရိကန်တို့ ပြုလုပ်နေခြင်းဖြစ်ကြောင်း မီဒီတပ်ဖွဲ့က ပြောကြားခဲ့သည်။ **(စီစီတီဗွီ)**

စစ်ပွဲကာလနှင့် စစ်ပွဲအပြီး အီရတ်ရေနံလုပ်ငန်း လုယက်ဖျက်ဆီးခံခဲ့ရ

ဘဂ္ဂဒက် မေ ၁၃

အီရတ်ရေနံတွင်းများနှင့် ရေနံပိုက်လိုင်းများကို တိုက်ခိုက်မှု ဆက်လက်ဖြစ်ပွားနေ ခြင်းသည်အဓိကစိုးရိမ်ဖွယ်ရာ ပြဿနာတစ်ရပ်ဖြစ်လျက်ရှိသည်။

အီရတ်ရေနံလုပ်ငန်းသည် အရေးပါသောအနေအထား၌ ရှိနေပြီး အီရတ်စစ်ပွဲမတိုင်မီက တနေ့လျှင် ရေနံစည်ပေါင်း သုံးသန်းဝန်းကျင်ခန့် ထုတ်လုပ်နိုင်ခဲ့သည်။ အမေရိကန် ဦးဆောင်သော စစ်ပွဲကာလအတွင်းနှင့် စစ်ပွဲအပြီး ယခုကာလများ၌ အီရတ်ရေနံလုပ်ငန်းသည် လုယက်ဖျက်ဆီးမှုနှင့် အကြမ်းဖက်တိုက် ခိုက်မှုများခံခဲ့ကြရသည်။ အီရတ် နိုင်ငံ၏ ယခုလတ်တလော ရေနံထုတ်လုပ်မှုသည် တစ်နေ့လျှင် ရေနံစည်ပေါင်း နှစ်သန်း ဝန်းကျင်မျှသာ ရှိနေပြီး မကြာမီ တစ်နေ့လျှင် ရေနံစည် ပေါင်း သုံးသန်းခွဲ ထုတ်လုပ် နိုင်မည်ဟု အီရတ်ရေနံဝန်ကြီး ဌာနက ခန့်မှန်းထားသည်။

အဆိုပါ ပမာဏသည် ၁၉၉၀ ပြည့်နှစ် ပထမ ပင်လယ်ကွေ့စစ်ပွဲမတိုင်မီက ထုတ်လုပ်ခဲ့သည့်အနေအထား ဖြစ်သည်။ ဘာဆာရာမြို့ရှိ ရေနံတင်ပို့ရာ ဆိပ်ကမ်းမှာ ရေနံတင်သင်္ဘောအား အသေခံ ဗုံးခွဲတိုက်ခိုက်ပြီး နှစ်ပတ်ခန့် အကြာ၌ ဘာဆာရာသို့ ရေနံသွယ်တန်းပေးပို့သော နိုင်ငံတောင်ပိုင်းရှိ ရေနံပိုက်လိုင်းတိုက်ခိုက်ခြင်းခံခဲ့ရသည်။ **(စီအင်န်အင်န်)**

အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၇၇၇ ဦးရှိပြီ

ဝါရှင်တန် မေ ၁၄

အီရတ်နိုင်ငံကိုလွန်ခဲ့သည့်၂၀၀၃ခုနှစ်မတ်၂၀ ရက်မှစတင်၍ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များက စတင်စစ်ဆင်နွှဲခဲ့ရာတွင် ၂၀၀၄ ခုနှစ် မေ ၁၃ ရက် ကြာသပတေးနေ့ရောက်ချိန်တွင် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၇၇ ဦး ဖြစ်သည်။

သေဆုံး

ယင်းအနက် ၅၆၃ ဦးမှာ တိုက်ပွဲကြောင့် သေဆုံးခြင်းဖြစ်ပြီး ၂၁၄မှာ တိုက်ပွဲကြောင့် မဟုတ်ဘဲ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။ ၂၀၀၃ခုနှစ် မေ၁ရက်၌ အဓိကစစ်ပွဲကြီး ပြီးဆုံးကြောင်း အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်ကကြေညာခဲ့ချိန်မှ စပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၆၃၅ ဦးဖြစ်သည်။

ယင်းအနက်၄၅၄ဦးမှာ တိုက်ပွဲကြောင့် သေဆုံးခြင်း ဖြစ်ပြီး ၁၈၁ဦးမှာ တိုက်ပွဲကြောင့် မဟုတ်ဘဲ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

ထို့ပြင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ ဦး၊ အီတလီ၁၇ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦး၊ ယူကရိန်း လေးဦး၊ ပိုလန် သုံးဦး၊ အခြား နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်တစ်ဦးစီသေဆုံးကြောင်း သိရသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနရုံး အပြင်ဘက်၌ အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ပြန်ရုပ်သိမ်းရေးအတွက်ဆန္ဒပြနေသူများကိုမေ ၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအပေါ် ကန်တပ်ဖွဲ့ဝင်များ စစ်ဆေးမေးမြန်းသည့်နည်းလမ်း ဂျီနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်ကြောင်း ပင်တဂွန်အရာရှိများဝန်ခံပြောကြား

ဝါရှင်တန် မေ ၁၄

အီရတ်အကျဉ်းသားများအပေါ် အမေရိကန်စစ်ဘက်ဆိုင်ရာက အသုံးပြုခဲ့သောစစ်ဆေးမေးမြန်းသည့် နည်းလမ်းအချို့သည် စစ်အကျဉ်းသားများကို ပြုမူဆက်ဆံသည့် ဂျီနီဗာကွန်ဗင်းရှင်းအား ချိုးဖောက်ဖွယ်ရှိကြောင်း ပင်တဂွန်ထိပ်တန်းအရာရှိများက ကြာသပတေးနေ့၌ ဝန်ခံပြောကြားလိုက်သည်။

ဘဂ္ဂဒက်အနီးရှိအဘူဂါရိပ်အကျဉ်းထောင်ရှိ အကျဉ်းသားများကို လိင်မှုကိစ္စနှင့်စိတ်ဓာတ်ရေးရာ မတရားနှိပ်စက်မှုများကို အထက်လွှတ်တော်အမတ်များ စုံစမ်းဖော်ထုတ်ခဲ့ရာမှ ထိုသို့ဝန်ခံခဲ့ခြင်းဖြစ်သည်။

ယင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား မတရားနှိပ်စက်မှုကို စုံစမ်းဖော်ထုတ်ခဲ့ရာ ကမ္ဘာတစ်ဝန်းက ဒေါသအမျက်ထွက်ခဲ့ပြီး သိမ်းပိုက်ထားသော အီရတ်နိုင်ငံတည်ငြိမ်ရေး အမေရိကန်ကြိုးပမ်းချက်များ ပျက်စီးခဲ့ရသည်။အီရတ်၌ အမေရိကန်စစ်ဘက်ဆိုင်ရာက အီရတ်အကျဉ်းသားများအပေါ် ကျင့်သုံးသည့် စစ်ဆေးမေးမြန်း နည်းများတွင် အိပ်ရေးဝအောင် မအိပ်စေခြင်း၊ အစောင့်ခွေးများဖြင့် ခြိမ်းခြောက်ခြင်း၊ ရက် ၃၀ကျော်မျှ အဆက်အသွယ်ဖြတ်ကာ တစ်ကိုယ်တည်းထားခြင်း၊ အစာအာဟာရ ချို့တဲ့စေခြင်းတို့ဖြစ်သည်။

အထက်လွှတ်တော်အမတ် ဂျက်ရိဒ်က ဗိုလ်ချုပ်ကြီး ပီတာပေ့စ်အား အကယ်၍ နိုင်ငံခြား တိုင်းပြည်တစ်ခုက မရိန်းတပ်သားတစ်ဦးကိုအခန်းထဲတွင်ထားပြီး ကိုယ်တုံးလုံးဖြင့် ခေါင်းကိုစွပ်ထားခဲ့လျှင်၊ လက်များကို ၄၅မိနစ်ကြာမျှ မြှောက်ထားခဲ့လျှင် ဂျီနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်ခြင်းလော၊ သို့မဟုတ်နည်းလမ်းမှန်ပြီးကောင်းမွန်သော စစ်ဆေးမေးမြန်းခြင်းဖြစ်မည်လော ဟုမေးမြန်းခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့အနောက်ဘက်ရှိ အမေရိကန်စစ်အခြေစိုက် စခန်းတစ်ခု၌ အဘူဂါရိပ်အကျဉ်းစခန်းမှ လွတ်မြောက်လာသော အီရတ်အကျဉ်းသားတစ်ဦး ကားပေါ်မှ ဆင်းလာသည်ကို မေ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နှင့်အာဖဂန်နစ္စတန် အကျဉ်းသားများကို နှိပ်စက်မှု နိုင်ငံတကာဆိုင်ရာ အဖွဲ့အစည်းများက ကန်တို့ကို ပြစ်တင်ရှုတ်ချ

ဝါရှင်တန် မေ ၁၄

အီရတ်၊ အာဖဂန်နစ္စတန်နှင့် ကျူးဘားရှိ ဂွမ်တာနာမိုပင်လယ်အော်တွင် အကျဉ်းသားများကို ပြုမူဆက်ဆံပုံများနှင့် စပ်လျဉ်း၍ သမ္မတဘုရှ်၏အစိုးရသည် ပြည်တွင်းနှင့်နိုင်ငံတကာဆိုင်ရာ လူ့အခွင့်အရေးအုပ်စုများ၏ပြစ်တင်ရှုတ်ချမှု အသစ်များနှင့် ယမန်နေ့က ကြုံခဲ့ရသည်။

နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီကော်မတီက အမေရိကန် အစိုးရထံ ပေးပို့သော နောက်ဆုံး အစီရင်ခံစာ၌ စွဲချက်များမရှိ ရှေ့နေသုံးစွဲခွင့်မရှိဘဲ အာဖဂန်နစ္စတန်၌ အများစုဖမ်းဆီးခဲ့သော အကျဉ်းသား ၆၀၀ ခန့်ကို ဖမ်းဆီးချုပ်နှောင်ထားသည့် ဂွမ်တာနာမို ပင်လယ်အော်အကျဉ်း စခန်း၏ အခြေအနေများနှင့် ပတ်သက်၍ ဖော်ပြထားသည်။

ပြည်သူလူထုသို့ အသေးစိတ် မဖော်ပြသော စာရွက်စာတမ်း အသစ်သည် ပြီးခဲ့သောအပတ်၌ ပေါက်ကြားခဲ့ရာ အီရတ်ရှိ အမေရိကန် ထိန်းချုပ်ထားသော အကျဉ်းထောင်များတွင် ရှိသော အကျဉ်းသားများကို ကျင့်သုံးသော ညှဉ်းပန်းနှိပ်စက်နည်း အတိုင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ဂျီနီဗာတွင်ကြက်ခြေနီ ပြောရေးဆိုခွင့်ရှိသူက လွန်ခဲ့သည်နှစ် ဂွမ်တာနာမို ပင်လယ်အော် အကျဉ်းစခန်းအခြေအနေများသည်မှန်ကန်စွာဖြေရှင်းပေးခြင်း မရှိဘဲ ရှိကြောင်း ယမန်နေ့က အတည်ပြု ပြောကြားသည်။ **(အင်တာနက်)**

ဒဏ်ရာရရှိ

မေ ၁၂ရက်က အမေရိကန် တပ်ဖွဲ့ဝင် များ က နာဂျက်ဖ်မြို့ကို ဗုံးကြဲတိုက်ခိုက်ရာတွင် ဒဏ်ရာရရှိခဲ့သည့် အီရတ်မိန်းကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၉ ရက်က နာဂျက်ဖ်မြို့အနီး၌ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နှစ်ဦးအားဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)





မေ ၁၄ ရက်က နာဂျက်ဖ်မြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက တင့်ကားများဖြင့် ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းနေသော နေအိမ်များအား အီရတ်တို့ မီးငြိမ်းသတ်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ၁၄ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ် အကျဉ်းစခန်း အပြင်ဘက်၌ ဖမ်းဆီးထားသူများ၏ သတင်းကို မေးမြန်းရန် စောင့်ဆိုင်းနေသော အီရတ်တို့အား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မီးခိုးများထွက်

မေ ၁၂ ရက်က ကာဘာလာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားပြီး မီးလောင်ကျွမ်းမှုကြောင့် မီးခိုးများထွက်နေသော အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၁၃ ရက်က နာဂျက်ဖ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားပြီး ပျက်စီးသွားသော မော်တော်ယာဉ်ကို အီရတ်ယောကျ်ားလေးတစ်ဦးက ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



ကန်တော်ယန် သစ်ခက်ရေလွှဲဆည်

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဒေသခံပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က တည်ဆောက်ထားသည့် ကန်တော်ယန် သစ်ခက်ရေလွှဲဆည်နှင့် ရေပေးမြောင်းများဖြင့် လယ်ယာမြေ ဧက ၁၂၀၀၀ အထိ တိုးချဲ့ ရေပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။

သံလွင်တံတား (တာကော်အက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)တာကော်အက်ဒေသတွင် သံလွင်မြစ်ကို ဖြတ်ကူးရန်အတွက် ယခင်က တာကော်အက် ကူးတို့ဆိပ်ကိုသာ အားကိုးရပြီး ခက်ခက်ခဲခဲ ဖြတ်ကျော်ခဲ့ရသည်။ ယင်းအခက်အခဲကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် သံလွင်တံတား (တာကော်အက်)ကို တွေ့ရစဉ်။

လက်ဖက်စိုက်ခင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဆီလူးဒေသတွင် ဒေသခံ တိုင်းရင်းသားတောင်သူများ စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းကို တွေ့ရစဉ်။

နယ်စပ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသ၌ ခံ့ညား ထည်ဝါသော မိုင်းလား အထက်တန်းကျောင်းကို တည်ဆောက်ပြီးဖြစ်၍ အခြေခံပညာများကို ဒေသခံ ကျောင်းသားကျောင်းသူများ စိတ်ချမ်းမြေ့စွာဖြင့် သင်ကြားနိုင်ကြပေပြီ။

16-5 (07).p65 1 03/24/1905, 4:33 PM

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် Fortinet Antivirus Firewall ပစ္စည်းသစ်မိတ်ဆက် သရုပ်ပြရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ Myanmar Millennium Group (MMG) Co.,Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇေယျာလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းတို့မှ တာဝန်ရှိသူများ၊ ကွန်ပျူတာကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ Myanmar Millennium Group (MMG) Co.,Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇေယျာလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့အခမ်းအနားပြုလုပ်ရခြင်း အဓိကအကြောင်းနှစ်ချက်ရှိပါကြောင်း၊ ပထမအချက်မှာ e-Government ဆိုင်ရာလုပ်ငန်းများတွင် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်နှင့် ဒုတိယအချက်မှာ နိုင်ငံတကာ ITလုပ်ငန်းများတွင် မရှိမဖြစ် အသုံးပြုနေပြီဖြစ်သော Anti-Virus Firewall ပစ္စည်းကို မိမိတို့နိုင်ငံ၌လည်း လုံခြုံစိတ်ချစွာနှင့် ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ဖို့အတွက် ဖြစ်ပါကြောင်း။

လွန်ခဲ့သည့်နှစ်နှစ်ခန့်မှစတင်ပြီး မြန်မာနိုင်ငံ၌ Firewall ကို မိမိတို့ကုမ္ပဏီက စတင်မိတ်ဆက်ခဲ့ပါကြောင်း၊ ယင်းကာလက Firewall များတွင် Anti-Virus Software မပါရှိသည့်အတွက် ပစ္စည်းများရောင်းချရာတွင် အခက်အခဲများစွာရှိခဲ့ပါကြောင်း၊ အခက်အခဲကို ရင်ဆိုင်ဖြေရှင်းရင်း Fortinet Company နှင့် ဆက်သွယ်မိခဲ့ပါကြောင်း။

ပါဝင်

ယင်း Fortinet ကုမ္ပဏီမှထုတ်လုပ်သည့် Firewall များသည် ကမ္ဘာပေါ်တွင် ပထမဆုံး Anti-Virus Software ထည့်သွင်းထားသည့် Firewall များ ဖြစ်သည့်အပြင် Virtual Private Network(VPN)၊ Intrusion Detection System (IDS)၊ Web Content Filtering စသည့် Features များ ပါဝင်ကြောင်းကို သိရှိလာရကြောင်း။

မိမိတို့ကုမ္ပဏီအနေဖြင့် Fortinetကုမ္ပဏီနှင့်ဆက်သွယ်၍ မိမိတို့နိုင်ငံ၌ Fortinet Anti-Virus Firewall ပစ္စည်းများကို e-Government Projects များတွင် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်ရည်ရွယ်ပြီး ယခုပြပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ Fortinet ကုမ္ပဏီမှ Sales Director, Mr. Benjamin Teh က e-Government Projects များနှင့် အထောက်အကူပြုနိုင်သည့် "Fortinet Antivirus Firewall" ပစ္စည်းသစ်နှင့်စပ်လျဉ်း၍ ဗီဒီယိုပရိုဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် Fortinet ကုမ္ပဏီမှ Sales Director, Mr. Benjamin Tehက Myanmar Millennium Group Co, Ltdမှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇေယျာလှိုင်အား Fortinet ကုမ္ပဏီ၏ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းသော တရားဝင်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာကို ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား Fortinet ကုမ္ပဏီမှ Sales Director, Mr. Benjamin Teh နှင့် MMG ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးမင်းဇေယျာလှိုင်တို့က Fortinet Antivirus Firewall ပစ္စည်းသစ် သရုပ်ပြရှင်းလင်းပွဲ အထိမ်းအမှတ်လက်ဆောင် ပေးအပ်ကြသည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် e-Government Projects များတွင် အထောက်အကူပြုနိုင်သည့် Fortinet Antivirus Firewall များ၊ Gemtek Systems Outdoor wireless နှင့် ဆက်စပ်ပစ္စည်းများ၊ Linksys Networking Products ပစ္စည်းများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

Pile လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းလုပ်ငန်း၊ ပင်မတံတားလုပ်ငန်းများနှင့် Pile လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်း စီမံပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပါရမီ ခုံးကျော်တံတား တည်ဆောက်ရေး စီမံကိန်း Pile ရိုက်ခြင်းလုပ်ငန်းနှင့် ချဉ်းကပ်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပါရမီခုံးကျော်တံတား

ပါရမီ ခုံးကျော်တံတားမှာ ကမ္ဘာအေးစေတီလမ်းနှင့် ဝေဇယန္တာလမ်းကြား ပါရမီလမ်းနှင့် မြို့ပတ်ရထားလမ်းဆုံ ကားလမ်းကူးနေရာတွင် တည်ရှိပြီး အလျား ၁၁၇၅ ပေ နှင့် အကျယ် ၄၈ ပေရှိ လေးလမ်းသွား တံတားအဖြစ် တည်ဆောက်နေခြင်း ဖြစ်သည်။ တံတား၏ တစ်ဖက်တစ်ချက်တွင် လေးပေအကျယ် လူသွားလမ်းပါရှိမည်ဖြစ်ပြီး တံတားအမြင့်မှာ ၁၄ ပေ ရှိမည်ဖြစ်သည်။

အဆိုပါ ပါရမီခုံးကျော်တံတား သတ်မှတ်ချိန်ထက်စော၍ ပြီးစီးဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားမှ တည်ဆောက်ရေးဝန်ထမ်းများက နေ့ရောညပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီစည်းဝေး

ရန်ကုန် မေ ၁၅

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ တတိယအကြိမ်ညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလအစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က အမှာစကား ပြောကြားသည်။

ပါဝင်ဆွေးနွေး

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်တို့က ကော်မတီ အနေဖြင့် ဆောင်ရွက်ရန်လိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။ ဆက်လက်၍ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများကလည်း ပါဝင်ဆွေးနွေးကြသည်။

(သတင်းစဉ်)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

မေ ၁၄ ရက်က သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦး သမဝါယမအသင်းများက ထုတ်လုပ်သော လက်မှုထည်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သမဝါယမ)

မြန်မာ့ရုပ်မြင်သံကြား

၁၆-၅-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။	အဆိုပြိုင်ပွဲ
၈:၁၅	၇။	ဇိုက္ကရဲရေထိန်းတံခါး
၈:၃၀	၈။	International News
၈:၄၅	၉။	Say it in English
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၂၅	၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၄၂)
၁၂:၀၀	၄။	Asean Quiz (2002) အစီအစဉ်
၁၃:၀၀	၅။	မြန်မာဗီဒီယိုဇာတ်လမ်း **"တမာထနောင်း စကားဝါဆောင်း"** (နေထက်လင်း၊ မျိုးသန္တာထွန်း) (ဒါရိုက်တာ-မောင်မောင်မြင့်လွင်)
၁၄:၄၅	၆။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use.
၁၆:၄၅	၄။	သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၇:၁၀	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၅	၇။	တေးဂီတအစီအစဉ်
၁၇:၃၅	၈။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇:၄၅	၉။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၁၂)
၁၉:၃၅	၁၃။	ချင်းရိုးရာဝတ်စားဆင်ယင်မှု
၁၉:၄၅	၁၄။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	Calcio Serie A ဘောလုံးပွဲထုတ်လွှင့်မှု အစီအစဉ်

ရေစက်သွန်းချအမျှပေးဝေ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်တို့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား ဂုဏ်ပြုပူဇော်ပွဲနှင့် ဒဂုံမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းဆောင်သစ်လှူအပ်လှူဒါန်းပွဲ အခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား ဂုဏ်ပြုပူဇော်ပွဲနှင့် ဒဂုံမြို့ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းဆောင်သစ် လှူအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်အား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား ဂုဏ်ပြုပူဇော် ဒဂုံမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆောင်သစ် လှူအပ်လှူဒါန်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁၅

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား ဂုဏ်ပြုပူဇော်ပွဲနှင့် ဒဂုံမြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းဆောင်သစ် လှူအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး ၁ လမ်းရှိ သီရိမင်္ဂလာ မဟာစည်သာသနာ့ရိပ်သာ သီရိရတနာလေးထပ်ကျောင်းဆောင်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယရွှေကျင်နိကာယ တွဲဖက် သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီရိမန္တ စံကျောင်းဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဝိစိတ္တာဝံသနှင့် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ တွံတေး အရှင်ဣန္ဒကတို့ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဘာသာရေးဝတ်အဖွဲ့ဝင်များ၊ တပည့်ဒါယကာ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်တို့က နိုင်ငံတော် ဩဝါဒါစရိယရွှေကျင်နိကာယ တွဲဖက် သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီရိမန္တ စံကျောင်း ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် အဘိဓဇမဟာ ရဋ္ဌဂုရု သီရိမန္တ စံကျောင်း ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသနှင့် အပူဇော်ခံ ဆရာတော်နှစ်ပါးတို့အား လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများ က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအဖွဲ့မှ အလှူရှင် သီရိသုခမ္မမဏိဇောတဓရ ဦးစိန်လှဝင်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်ထံ လွှဲပြောင်းပေးအပ်သည်။

ဒဂုံမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအဖွဲ့မှ အလှူရှင် သီရိသုခမ္မမဏိဇောတဓရ ဦးစိန်လှဝင်း က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ လွှဲပြောင်းပေး အပ်စဉ်။ (သတင်းစဉ်)

ငွေလှူဒါန်း

ယင်းနောက် ဒဂုံမြို့ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် သီရိမင်္ဂလာမဟာစည် သာသနာ့ရိပ်သာ အဝင်လမ်း ဖောက်လုပ်ခြင်းအတွက် အလှူငွေများအဖြစ်ဓမ္မကထိကဗဟုဇနဟိတဓရ တွံတေး အရှင်ဣန္ဒကနှင့် သီရိသုခမ္မမဏိဇောတဓရ ဦးစိန်လှဝင်းတို့က ငွေကျပ် ၂၆၃၅၁၁၇၊ ဦးရဲထွန်းနိုင်–ဒေါ်လမင်းငယ် မိသားစုက ငွေကျပ် ၅၀၀၀၀၀၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင်များက ငွေကျပ် ၅၀၀၀၀၀၊ ဦးဟန်ညွန့်–ဒေါ်ခင်အေးမြင့်နှင့်သမီး ဒေါ်စီစီဝါတို့က ငွေကျပ် ၅၀၀၀၀၀၊ ဗိုလ်မှူးကျော်ကျော်ထွန်းနှင့် ဦးအေးကြည် မိသားစုတို့က ငွေကျပ် ၃၁၀၀၀၀ နှင့် ဒေါ်လွမ်းရင့်သမီး ဒေါ်ကူညမ်း၊ သမီး မမဥ္ဇူတို့က ငွေကျပ် ၅၀၀၀၀၀ တို့ကိုပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရ မြင့်မောင်တို့က လက်ခံကြသည်။

ဒဂုံမြို့ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် သီရိမင်္ဂလာ မဟာစည်သာသနာ့ရိပ်သာအဝင်လမ်း ဖောက်လုပ်ခြင်းအတွက် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်း မှာ ငွေကျပ် ၈၀၉၅၁၁၇ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် အလှူရှင်သီရိသုခမ္မ မဏိဇောတဓရ ဦးစိန်လှဝင်းက ကျောင်းဆောင်သစ် ဆောက်လုပ် လှူဒါန်းရခြင်း၊ လမ်းဖောက်လုပ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း လျှောက်ထားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း သာသနာရေး ဦးစီးဌာနမှူး ဦးစံသင်း လှိုင်က ဂုဏ်ပြုအပူဇော်ခံ ဆရာတော် နှစ်ပါး၏ ထေရုပ္ပတ္တိ အကျဉ်းကို ဖတ်ကြားလျှောက်ထားသည်။

ဖတ်ကြားပူဇော်

ယင်းနောက် ဓမ္မကထိကဗဟုဇန ဟိတဓရ သီတဂူအရှင်ပညာနန္ဒက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဝံသနှင့် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ တွံတေးအရှင်ဣန္ဒက တို့အား ဂုဏပူဇာဂါထာများဖြင့် ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ နိုင်ငံကျော် အဆိုတော် ဦးထွန်းရွှေက စောင်းဦးအောင်သန်းနှင့် တွဲဖက်၍ ဂုဏ်ပြုအပူဇော်ခံ ဆရာတော်နှစ်ပါးတို့အား ဂုဏပူဇာ မင်္ဂလာရတု တေးထပ်တို့ဖြင့် ပူဇော် သည်။

ထို့နောက် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ တိပိဋက မဟာဂန္ထာရုံ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုး

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။ **(သတင်းစဉ်)**

မေ ၁၅ ရက်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးနှင့် ဇနီးတို့အားအမှူးထား၍ အကောက်ခွန်ဦးစီးဌာန၏ (၁၇)ကြိမ်မြောက် ဝန်ထမ်းမိသားစု စုပေါင်းရဟန်းခံရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (ဘဏ္ဍာ/

ယဉ်ကျေးမှုသင်တန်းဖွင့်

ရန်ကုန် မေ ၁၅

ကောလင်းမြို့အခြေခံယဉ်ကျေးမှု သင်တန်းဖွင့်ပွဲကို ဧပြီ၂၀ရက်က အောက်သီဒရာကျေးရွာ အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေး မူလတန်းကျောင်းတွင် ကျင်းပရာ သင်တန်းကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိဝံသ (ဓမ္မာစရိယ ဘီအေ)က ဩဝါဒမြွက်ကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးဘအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးထွန်းပန်က သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားကြသည်။(၀၂၆)

သားငါးပွံ့ဖြိုး ပြည်အကျိုး

ရခိုင်ရိုးမ ကစ္ဆပနဒီ အနာဂတ်ဆီသို့

မောင်ဒဂုံ

ရခိုင်ပြည်နယ် ရန်ကုန်–စစ်တွေကားလမ်းပေါ်ရှိ နာရီကန်တံတားဖွင့်ပွဲ အခမ်းအနားကို ၂၀၀၄ ခုနှစ် ဧပြီ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)က စာရေးသူ ရောက်ရှိသွားခဲ့၏။ နာရီကန်တံတားသည် သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်ပြီး တံတားအရှည် ပေ ၃၀၀၊ အကျယ် ပေ ၃၀၊ ယာဉ်သွားလမ်း အကျယ်၂၄ ပေရှိ နှစ်လမ်းသွားတံတားဖြစ်သည်။ ၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတော်အနေဖြင့် တည်ဆောက်ခဲ့သည့် ၁၈၃ စင်းမြောက် ပေ ၁၈၀အထက် တံတားတစ်စင်း ဖြစ်သကဲ့သို့ ရခိုင်ပြည်နယ်အတွက်ဆိုပါက ၂၉ စင်းမြောက် တံတားလည်းဖြစ်သည်။ မကြာသေးမီ ၂၀၀၄ခုနှစ် မတ်၂၂ ရက်ကလည်း ရန်ကုန်–ကျောက်ဖြူကားလမ်းပိုင်း ရမ်းဗြဲမြို့နယ်တွင် အလျား ၅၉၂ ဒသမ ၄ ပေရှိ ဒီးဒုတ်ပေါက်တံတားကို ၂၈ စင်းမြောက်တံတားအဖြစ် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်၏။

“နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်နယ်နှင့် တိုင်း နယ်မြေဒေသအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံး၏ စီးပွားရေးနှင့်လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် စစ်တွေမြို့နယ်အပါအဝင် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု သတ်မှတ်ဆောင်ရွက်နေသကဲ့သို့ မြို့နှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းနိုင်သမျှ ကျဉ်းမြောင်းအောင်လည်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် သောက်သုံးရေ၊ စိုက်ပျိုးရေရရှိရေး စသည့်ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။”

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးသည် အဓိကဖြစ်ရာ တစ်ချိန်က လေကြောင်းလမ်းနှင့် ရေကြောင်းလမ်းကိုသာ အဓိကအားထား အသုံးပြုခဲ့ရပြီး သွားလာမှုခက်ခဲသည့် ရခိုင်ပြည်နယ်တွင် နိုင်ငံတော်က လမ်း၊ တံတားများစွာကို ဘဏ္ဍာငွေအမြောက်အမြားအကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိသည်။ မြေမျက်နှာသွင်ပြင်ကို လေ့လာပါက အရှေ့ဘက်တွင် ရခိုင်ရိုးမသည် တောင်ကုန်းတောင်တန်းထူထပ်စွာဖြင့် မြောက်မှ တောင်သို့သွယ်တန်းကာ ပြည်မနှင့် သဘာဝအတားအဆီးသဖွယ် ဖြစ်နေသကဲ့သို့ အနောက်ဘက်တွင် ကမ်းရိုးတန်းအရှည် မိုင် ၃၆၀ခန့် ရှည်လျားသော ဘင်္ဂလားပင်လယ်အော်ရှိပြီး လေးမြို့မြစ်၊ ကစ္ဆပနဒီမြစ်၊ မေယုမြစ်နှင့် နတ်မြစ်တို့ကစီးဝင်နေ၏။ ထို့ကြောင့် ရခိုင်ပြည်နယ်သည် ရိုးမတောင်တန်းနှင့် ပင်လယ်အကြား မြောက်မှတောင်သို့သွယ်တန်းတည်ရှိနေသော မြစ်ချောင်းများ၊ ရွံ့ညွန်များ၊ ဒီရေတောများ၊ ကျွန်းငယ်များ ပေါများသည့် ဒေသတစ်ခုဟု ပြောရမည်ဖြစ်၏။

နိုင်ငံတော်အနေဖြင့် ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီးကို ၂၀၀၀ ပြည့်နှစ်တွင် ဖောက်လုပ်ပေးခဲ့၏။ ယခင်ကရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်၊ တိုင်းများအကြားဆက်သွယ်သော ကုန်းလမ်းဝင်ပေါက်သုံးခုဖြစ်သည့် အမ်း–မင်းဘူးလမ်း၊ တောင်ကုတ်–ပန်းတောင်းလမ်းနှင့်ဂွ–သိုင်းချောင်းလမ်းများရှိသော်လည်း ပြည်နယ်အတွင်းပိုင်း ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာနိုင်သည့် မော်တော်ကားလမ်းမရှိသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့သည်။ ယခုအခါ ရခိုင်ပြည်နယ်မှ တိုင်းရင်းသားပြည်သူများအနေဖြင့် စစ်တွေ–မြောက်ဦး–အမ်းမှ ရောဝတီမြစ်ကူး မကွေးတံတားသို့လည်းကောင်း၊ ကျောက်ဖြူ–မအီ–တောင်ကုတ်မှ ရောဝတီမြစ်ကူး နဝဒေးတံတား(ပြည်)သို့လည်းကောင်း၊ ရောဝတီတိုင်း ငသိုင်းချောင်းမှဂွ–သံတွဲ–တောင်ကုတ်–ပန်းတောင်းသို့လည်းကောင်း နိုင်ငံနှင့်အဝန်း ကူးလူးဆက်သွယ်သွားလာနိုင်သည့် လမ်းမကြီးသုံးသွယ်ကို ကိုယ်တိုင်ကိုယ်ကျ သွားလာနိုင်နေပြီဖြစ်၏။

ထို့အပြင် တောင်ကုတ်နှင့်မအီကို အခြေပြုပြီး ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကို ရွံ့ညွန်တောများအတွင်း Geotextile နည်းကိုသုံး၍ ခက်ခဲစွာဖြတ်ကျော်ဖောက်လုပ်လျက်ရှိပြီး အဆိုပါလမ်းမကြီးနှင့်အတူ ကျန်ရှိသော လုံးတော်ပေါက်၊ သံသမကြီး၊ သံသမချေ၊ သဇင်တန်ပေါက်၊ မင်းကျောင်းတံတားကြီးများ ဖောက်လုပ်ပြီးစီးသွားပါက မအီ–ကျောက်ဖြူလမ်း၊ အမ်း–မအီ–တောင်ကုတ်လမ်းတို့ပေါ်ထွက်လာပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့ကို ဆက်စပ်ပေးသော ရခိုင်ကမ်းရိုးတန်း လမ်းမကြီးအဖြစ် လည်းကောင်း၊ ရန်ကုန်–ကျောက်ဖြူလမ်းမကြီးသည် လည်းကောင်း တိုးတက်ဖြစ်ထွန်းလာတော့မည်ဖြစ်၏။ ထူးခြားသည့်အချက်မှာ ကားလမ်းမကြီးနှင့် တံတားကြီးများကို မြန်မာအင်ဂျင်နီယာများဖြင့်သာ တစ်ချိန်တည်း တစ်ပြိုင်တည်း နေ့ည ဖောက်လုပ်တည်ဆောက်ပြီး ယင်းသို့ ဆောင်ရွက်ရာတွင်လည်း သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုမရှိအောင် ဒီရေတောများကို အတတ်နိုင်ဆုံး ရှောင်ကွင်းဆောင်ရွက်နေခြင်းပင်ဖြစ်၏။ မကြာသောကာလတွင် ရန်ကုန်မှကျောက်ဖြူအထိ ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်သလို ဒေသခံတိုင်းရင်းသားများအချင်းချင်းလည်း ရခိုင်ပြည်နယ်အတွင်း ခရိုင်လေးခုအား တစ်ဆက်တစ်စပ်တည်း ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်နိုင်ကြတော့မည် ဖြစ်၏။

ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ရခိုင်ပြည်နယ်အနေဖြင့် အနာဂတ်တွင်ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍအသီးသီး ယခင်ကထက် ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည်မှာ အမှန်ပင်ဖြစ်၏။ ရခိုင်ပြည်နယ်သည် ယခင်နှစ်ကမိုးစပါးဧက ၉၅၇၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်မိုးရာသီတွင် စိုက်ဧက ၁၀ သိန်းကျော် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၏။ တစ်နိုင်ငံလုံးရည်မှန်းချက်ဖြစ်သော တစ်ဧကလျှင်စပါးတင်း၁၀၀ ထွက်ရှိရေး အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ ရခိုင်ပြည်နယ်ကို ငရုတ်ကောင်းပြည်နယ်ဖြစ်စေရေးအတွက်လည်း တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေ၏။ စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် နိုင်ငံတော်အနေဖြင့် ယခင်နှစ်က အမ်းမြို့နယ်တွင် ဟင်းရွက်ချောင်းရေလှောင်တမံကို ဖွင့်လှစ်ပေးခဲ့သကဲ့သို့ မြောက်ဦးမြို့နယ်နှင့် မင်းပြားမြို့နယ်မှ လယ်မြေဧက ၄၀၀၀၀ကျော်ကို စိုက်ပျိုးရေပေးဝေပြီး ရေအားလျှပ်စစ်ကိုပါ ထုတ်လုပ်နိုင်မည့် ရမ်းချောင်းရေလှောင်တမံကိုလည်း ဆက်လက်တည်ဆောက်သွားရန်ရှိသည်။ ထို့အပြင် နိုင်ငံတော်က ဒေသအတွင်း သုံးစွဲရန်လျှပ်စစ်စီမံကိန်းများဖြစ်သည့် သတဲချောင်းစီမံကိန်း၊ သံတွဲစီမံကိန်း၊ ကျိန္တလီစီမံကိန်းနှင့် အမ်းချောင်းဖျားစီမံကိန်းများကို မကြာမီအကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

စွမ်းအင်ကဏ္ဍအနေဖြင့်ရခိုင်ကမ်းလွန်ဒေသတွင်စီးပွားဖြစ်သဘာဝဓာတ်ငွေ့လုပ်ကွက် အေဝမ်း၊ ရွှေအစမ်းတွင်းကို စမ်းသပ်ထုတ်လုပ်ခဲ့ပြီးနောက် ရွှေဖြူနှင့် ငွေလုပ်ကွက်များကို မကြာသောကာလတွင် ပြည်ပကုမ္ပဏီအချို့၏ ရင်းနှီးမြှုပ်နှံပါဝင်လုပ်ကိုင်မှုဖြင့် ဆောင်ရွက်တော့မည်ဖြစ်၏။ စမ်းသပ်တွေ့ ရှိချက်များအရ ၄ ဒသမ ၂၅ ထရီလီယံကုဗပေရှိပြီး ရွှေဖြူနှင့်ငွေအစမ်းတွင်း၌ ၁၄ထရီလီယံကုဗပေခန့် ရှိနိုင်ကြောင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE နှင့် Daewoo International မှ ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။ ရခိုင်ပြည်နယ်သည် ပင်လယ်ပြင် သယံဇာတကြွယ်ဝသည့်အလျောက် အဓိကအနေဖြင့် ကမ်းနီး၊ ကမ်းဝေး ငါးပုစွန်ဖမ်းဆီးသည့်လုပ်ငန်းကို တွေ့ရှိရသည်။ မြေပုံမြို့နယ် ကမ်းထောင့်ကြီးကျေးရွာအနီးတွင် ကဏန်းလုပ်ငန်းကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နေပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်သို့ တင်ပို့လျက်ရှိသကဲ့သို့ ပုစွန်ခြောက်၊ ရေခဲပုစွန် (ခေါ်) ပုစွန်ကျားနှင့် ရေခဲကိုင်ငါးများကိုလည်း ကျောက်ဖြူ–တောင်ကုတ်မှတစ်ဆင့် ရန်ကုန်သို့ ရောင်းချနေ၏။ ရေရှူ ရာသီမှာ ဖေဖော်ဝါရီလမှ မေလအထိဖြစ်သည်။ ယခုနှစ်ရေရှူရာသီတွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရ၏။ အခြားရေထွက်ပစ္စည်းတစ်မျိုးမှာ သဲနှင့်ရွှံ့ရောစပ်နေသော ပင်လယ်ပြင်ကြမ်းခင်း၌ ဖမ်းဆီးရသော ပင်လယ်ခရု ဖြစ်သည်။ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်များတွင် လုပ်ကိုင်ကြ၏။ ခရုထဲမှအသားကို ထုတ်၍ ရေခဲရိုက်ပြီး ရန်ကုန်သို့ပို့ဆောင်ရောင်းချသည်။ ရခိုင်ပင်လယ်ပြင် တွင် ဖမ်းမကုန်နိုင်အောင် သားငါး၊ ပုစွန်၊ ရေရှူ၊ ခရုတွေ ပေါများသောကြောင့် နောင်တွင် ခေတ်မီသိပ္ပံနည်းကျ တိုးချဲ့လုပ်ကိုင်သည်နှင့်အမျှ သားငါးကဏ္ဍမှ နိုင်ငံခြားဝင်ငွေရရှိသော လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လာနိုင်တော့မည်ဖြစ်၏။ ကျောက်ဖြူသည် ရေနက်ဆိပ်ကမ်း တည်ဆောက်ရန် အခြေခံကောင်းများရှိပြီး သံတွဲငပလီတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ပုဂ္ဂလိကကုမ္ပဏီများနှင့် အဆင့်တိုးမြှင့် ဆောင်ရွက်လျက်ရှိ၏။ ငပလီကမ်းခြေသည် သဘာဝပတ်ဝန်းကျင်များ ပျက်စီးယိုယွင်းမှု မရှိအောင် ထိန်းသိမ်းထားသည့်အလျောက် ယနေ့တိုင် ကမ္ဘာလှည့်ခရီးသည် များကို ဆွဲဆောင်နေဆဲပင်ရှိနေ၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ၂၀၀၄ခုနှစ် ဧပြီ ၅ရက်နေ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရောက်ရှိနေစဉ် ရမူး(ပန်းဝါ)သို့ ရောက်ရှိပြီး ဘင်္ဂလားဒေ့ရှ်–မြန်မာချစ်ကြည်ရေးလမ်း တည်ဆောက်ခြင်း အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ၃၆ကီလိုမီတာရှည်သော ရမူး(ပန်းဝါ)–ဂွန်ဒေါင်းလမ်းအပိုင်းအား ဖောက်လုပ်ပြီးဖြစ်ရာ ဆက်လက်၍ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်နိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသောကြောင့် ဘင်္ဂလားဒေ့ရှ်–မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းသည်လည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာကဏ္ဍအသီးသီး၌ ပါဝင်ဆောင်ရွက်ကြရာတွင် မိမိတို့နိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရာ သူများတွေတစ်လှမ်းလှမ်းက မိမိတို့သုံးလှမ်းလောက်လှမ်းနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့်ယှဉ်ပြီး ရင်ပေါင်တန်းလိုက်နိုင်အောင်၊ ပြည်သူတို့၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားအောင် မိမိတို့နောင်လာနောက်သားများ မပင်မပန်း လုပ်ကိုင်နေထိုင်စားသောက်နိုင်အောင် မိမိတို့တာဝန်ယူသည့် လက်ထက်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံတွင် အချိန်လု၍ ကျိုးရှန်းလုပ်ကိုင်နေရကြောင်း၊ အခြားမျှော်လင့်ချက်၊ရည်ရွယ်ချက်များမရှိဘဲ နိုင်ငံတော်နှင့် လူမျိုး၏ ရေရှည်အကျိုးအတွက်သာမျှော်မှန်းပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တစ်တိုင်းတစ်ပြည်လုံး ကွက်လပ်မကျန်တိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုကွာဟမှုများ အတတ်နိုင်ဆုံး ကျဉ်းမြောင်းစေရေးတို့ကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ဓနစွမ်းအားတိုးတက်ရေး၊ လူမှုရေးအဆင့်အတန်းမြင့်မားရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်ရာတွင် အစိုးရ၊ပြည်သူ၊တပ်မတော်တို့၏ အလုပ်စွမ်းအားဖြင့် ပူးပေါင်းပါဝင်ရန် အထူးလိုအပ်ကြောင်း”** လမ်းညွှန်မှာကြားခဲ့သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ရခိုင်ရိုးမကို လွှားကျော်၍ ကစ္ဆပနဒီအားဖြတ်သန်းလျက် ပြည်ထောင်စုလမ်းမကြီးကို အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ပြီး ဖြစ်၏။ ရခိုင်ပြည်နယ်သည် ရေ၊ မြေ၊သယံဇာတကောင်းမွန်ပြီး ဖွံ့ဖြိုးမှုအလားအလာကောင်းများရှိသော ပြည်နယ်တစ်ခုလည်းဖြစ်၏။ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးဖွယ်ရာများကိုဖြည့်ဆည်းပေးနေသကဲ့သို့ ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကတာဝန်ယူနေကြသည့် ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအပိုင်းက စေတနာအပြည့်အဝဖြင့် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားပါက လျင်မြန်စွာ တိုးတက်ဖြစ်ထွန်းလာတော့မည့် ရခိုင်ပြည်နယ်၏ အနာဂတ်ကို အတွေးပုံရိပ်တွင် မျှော်မှန်းကြည့်ရှုမှုဖြင့် စာရေးသူ အားရကျေနပ်နေမိပါ၏။ ။

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ နာရီကန်တံတားကို တွေ့ရစဉ်။ (နာရီကန်တံတားမှာ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရန်ကုန်–စစ်တွေကားလမ်းမကြီး မိုင်တိုင် ၁၉၃မိုင် ၂ဖာလုံတွင်တည်ရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်သည်။ တံတားအရှည်ပေ ၃၀၀ ယာဉ်သွားလမ်းအကျယ် ၂၄ပေဖြစ်သည်။ သုံးပေစီအကျယ်ရှိ လူသွားလမ်းများလည်းရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၄၈ပေ၊ အမြင့်ကိုးပေဖြစ်သည်။ ခွင့်ပြုယာဉ်တန်ချိန်မှာ မော်တော်ယာဉ်တစ်စီးချင်းတန် ၆၀ဖြစ်ပြီး နှစ်လမ်းမောင်းတံတားဖြစ်သည်။)



မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့၌ကျင်းပသော ကျန်းမာရေး ပညာပေးဟောပြောပွဲသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဟောပြောစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ခရမ်းမြို့တွင် ကျန်းမာရေးပညာပေး၊ အထူးကုဆရာဝန်ကြီးများ၏ဆေးကုသပေးမှုများကြည့်ရှုအားပေး

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သော မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့သည် အထူးကုဆရာဝန်ကြီးများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ခရမ်းမြို့သို့ သွားရောက်၍ ကျန်းမာရေးပညာပေးဟောပြောပြီး အထူးကုဆရာဝန်ကြီးများ၏ ဆေးကုသပေးမှုများကို ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေခေါင်းဆောင်သော မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီး ဆရာဝန်များအဖွဲ့မှ အဖွဲ့ဝင် ၄၅ဦး ပါဝင်သည့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၈နာရီ ၁၀မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ခရမ်းမြို့သို့ ရောက်ရှိကြပြီး ရန်ကုန် တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်လူမှုရေး အသင်းအဖွဲ့ဝင်များကကြိုဆိုကြသည်။

ကျန်းမာရေးပညာပေးဟောပြော

ထို့နောက် မြန်မာနိုင်ငံဆရာဝန် အသင်း အမျိုးသမီးဆရာဝန်များ အဖွဲ့က ကြီးမှူးကျင်းပသည့် ကျန်းမာရေးပညာပေး ဟောပြောပွဲကို နံနက် ၈နာရီ မိနစ်၄၀တွင် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးရှိ ဗြဟ္မစိုရ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ ဒုတိယ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်ဆရာဝန်များ၊ ရန်ကုန် တောင်ပိုင်းခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်ပြည့်၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန် အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ အမျိုး သမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြော ကြားသည်။

လူနေမှုဘဝဟောပြော

ထို့နောက် မြန်မာနိုင်ငံဆရာဝန် အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန် များအဖွဲ့ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်အုန်းလွင်က သွေးတိုးရောဂါ နှင့် လူနေမှုဘဝပုံစံအကြောင်းကို ဟောပြောသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ပြည်သူ့ဆေးရုံအတွင်း အထွေထွေ ရောဂါကုသမားတော်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့မှ လူနာများအား ဆေးဝါးကုသပေးနေမှုကို လိုက်လံကြည့်ရှုပြီး အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍မြန်မာနိုင်ငံဆရာဝန် အသင်း(ရန်ကုန်)အမျိုးသမီးဆရာဝန်များ အဖွဲ့ အဖွဲ့ဝင်ဒေါက်တာဒေါ်ခင်မွန်မွန် ကသွေးလွန်တုပ်ကွေးရောဂါအကြောင်း ကို ဟောပြောသည်။

ယင်းနောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးလှမြင့်က ကျေးဇူးတင်စကားပြောကြားပြီး ဟောပြောပွဲအခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင်ဒေါက်တာ ဒေါ်ခင်ဝင်းရွှေသည် ဟောပြောပွဲသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန် အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက ဒေါက်တာ ဒေါ်ခင် ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ခရမ်း မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ ကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ သက်ဖြိုးနှင့် ဆရာဝန် ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များက ကြိုဆိုကြ သည်။

လူနာများအားပေး

ယင်းနောက် ဒေါက်တာဒေါ်ခင် ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရန်ကုန် မြို့မှ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြ သည့် အထွေထွေရောဂါကု သမား တော်ကြီးနှင့်အဖွဲ့၊ နှလုံးအထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့၊ အဆုတ်နှင့် ရင်ခေါင်း အထူးကု ဆရာဝန်ကြီးနှင့် အဖွဲ့၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီးနှင့် အဖွဲ့၊ သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့၊ ကလေး အထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့၊ မျက်စိ အထူးကုဆရာဝန်ကြီးနှင့် အဖွဲ့၊ အကြော/အဆစ် အထူးကု ဆရာဝန် ကြီးနှင့်အဖွဲ့၊ အရေပြား အထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့နှင့် တိုင်းရင်းဆေး သမားတော်ကြီးနှင့်အဖွဲ့တို့၏ လူနာ များအား ဆေးကုသပေးမှုများကို လှည့်လည်ကြည့်ရှုပြီး လူနာများအား အားပေးစကား ပြောကြားသည်။

အဆိုပါ ရန်ကုန်မြို့မှ အထူးကု ဆရာဝန်ကြီးများ၏ ဆေးကုသမှု ပေးရာသို့ သုံးခွမြို့နယ်မှ လူနာ ၆၉ ဦးနှင့် ခရမ်းမြို့နယ်မှ လူနာ ၇၃၁ ဦး အပါအဝင် စုစုပေါင်း လူနာ ၈၀၀ တို့ လာရောက်ပြသကုသမှုခံယူကြပြီး ဆေးကုသမှု ဆက်လက်ခံယူရန် လိုအပ်သော လူနာများအား ရန်ကုန် မြို့ရှိ အထူးကုဆေးရုံကြီးများသို့ သွား ရောက်ကုသမှုခံယူကြရန် အထူးကု ဆရာဝန်ကြီးများက မှာကြားကြောင်း သိရသည်။

ထို့နောက် ဒေါက်တာဒေါ်ခင် ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ခရမ်းမြို့မှ ထွက်ခွာခဲ့ကြရာ မွန်းလွဲ ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

(၃၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကျင်းပ

ရန်ကုန် မေ ၁၅

မကွေးတိုင်း မီးသတ်ဦးစီးဌာန၏ (၃၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက်ပိုင်းတွင် မကွေးတိုင်း မီးသတ်ဦးစီးဌာနမှူး ရုံး၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်း တက်ရောက်အမှာစကားပြော ကြားသည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ စစ်ပြန်စစ်မှုထမ်းဟောင်းအသင်းဝင်များ၊ အငြိမ်းစား မီးသတ် ဝန်ထမ်းများ၊ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၆၄၀ တက်ရောက် ကြသည်။

ဆက်လက်၍ နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်ခံရသည့် သန္ဓေတပ်ဖွဲ့ဝင်များ၊ လုပ်သက် ၂၅နှစ် တာဝန်ထမ်းဆောင်ခဲ့ သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မကွေးတိုင်းအတွင်း စခန်းသာယာလှပရေး ဆုရရှိသည့် ပခုက္ကူမြို့နယ် မီးသတ်စခန်းအား ဆုများပေးအပ်ချီးမြှင့်ပြီး သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စစ်ရေးပြစွမ်းရည်၊ အသက်ကယ် စွမ်းရည်နှင့် မီးသတ်စွမ်းရည်များပြသကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့လုပ်ငန်းညှိနှိုင်း

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်း စည်ပင်သာယာ ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို မေ ၁၃ရက် နံနက် ၉နာရီက သန်လျင်မြို့ရှိ တိုင်းစည်ပင်သာယာ ရေးအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင် **(ဝဲပုံ)** က အမှာ စကားပြောကြားရာတွင် မြို့ရွာများ တွင် လမ်းဘေးရေမြောင်းများ ရေစီး ရေလာကောင်းမွန်ရေး၊ ရေဆိုးနှင့် အမှိုက်များ စနစ်တကျ သိမ်းဆည်း စွန့်ပစ်ရေး၊ ဈေးများအတွင်း အပြင် သန့်ရှင်းရေးနှင့် သားငါး ရောင်းချ ရာတွင် ယင်များ၊ အနံ့အသက်ဆိုးများ မရှိစေရန် ဆောင်ရွက်ရေးနှင့် ပျိုး ဥယျာဉ်မှ ပန်းအလှပင်များကို လိုအပ် သည့် နေရာများတွင် စနစ်တကျ ပြောင်းရွှေ့စိုက်ပျိုးရန်နှင့် ပျိုးဥယျာဉ် အတွင်း သတ်မှတ်ပျိုးပင်များ ပြည့်မီ အောင် ပြန်လည်ပျိုးထောင်ရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေး မှာကြားသည်။ ထို့နောက်တက်ရောက် လာသော မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံ အင်ဂျင်နီယာများက မိမိတို့ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ဆွေးနွေးတင်ပြပြီး တင်ပြချက်များအပေါ် တိုင်းညွှန်ကြား ရေးမှူး ဦးကြံတိုင်းဆောင်က မှာကြား ဖြည့်ဆည်းပေးသည်။

(ခရိုင် ပြန်/ဆက်)

စာမျက်နှာ ၃ မှ

လည်းကောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များအားလည်းကောင်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

လိုအပ်ချက်များဖြည့်ဆည်းပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့သည် ကိုယ်စားလှယ်များ စားရိပ်သာသို့ သွားရောက်၍ ကိုယ်စားလှယ်များ နေ့လယ်စာ သုံးဆောင်နေမှုများကို ကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့သည် အမျိုးသားညီလာခံသို့တက်ရောက်ရန် ရောက်ရှိနေသည့်ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ကျန်းမာရေး မကောင်းသည့်တိုင် စိတ်အားထက်သန်စွာ တက်ရောက်လာသော ဦးမန်းတင်အောင်သန်းအား ကြည့်ရှုအားပေးပြီး ဆေးကုသရေးကိုပါ စီစဉ်ဆောင် ရွက်ပေးခဲ့သည်။ ထိုသို့ စီစဉ်ဆောင်ရွက်ပေးပြီးနောက် နေ့လယ်ပိုင်းတွင် တည်းခိုဆောင်များမှ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ဝယ်ယူအားပေး

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များသည် ညီလာခံကျင်းပမည့် ညောင်နှစ်ပင်စခန်းအတွင်း စီစဉ်ဆောင်ရွက်ထားသော ဖျော်ဖြေရေး အစီအစဉ်များကို အပန်းဖြေကြည့်ရှုနေကြသကဲ့သို့ အားကစားခန်းမနှင့် ဂေါက်သီး လေ့ကျင့်ရေးကွင်းတို့၌ ကျန်းမာရေးလေ့ကျင့်ခန်းများ လေ့ကျင့်ဆောင်ရွက်လျက်ရှိကြသည်။ ထို့ပြင် သက်သာချောင်ချိရေး အရောင်းဆိုင်များမှ ရောင်းချလျက်ရှိသော ပစ္စည်းများကို ဝယ်ယူအားပေးလျက်ရှိသည်ကို တွေ့ရှိရသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကိုယ်စားလှယ်များစားသောက်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

မေ ၁၅ ရက်က အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်စခန်းတွင် အားကစားခန်းမအတွင်းရှိ ကျန်းမာရေးလေ့ကျင့်ခန်းများနှင့် ဂေါက်သီးလေ့ကျင့်ရေးကွင်းတို့ စီစဉ်ဆောင်ရွက်ထားမှုများကို တွေ့ရစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးပြတိုက် ပြကွက်များခင်းကျင်းပြသရေးနှင့် ပရဆေးဥယျာဉ်တည်ထောင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၅

မြေပဒေသာဥယျာဉ် အဆင့်မြင့် မွမ်းမံပြင်ဆင်မှုလုပ်ငန်းတစ်ရပ်ဖြစ်သော စိုက်ပျိုးရေးပြတိုက် ခင်းကျင်းပြသရေးနှင့် လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံဒေသတွင် ပရဆေးဥယျာဉ် မြေဧက၆၀ တစ်ကွင်းတစ်စပ် တည်ထောင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက်၌ကျင်းပရာ အစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဉာဏ်တင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် ဝန်ကြီးဌာနအောက်ရှိလုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအလိုက်ခင်းကျင်းပြသရေးကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးဗိုလ်ချုပ်ဉာဏ်တင်က မွမ်းမံပြုပြင်ပြီး စိုက်ပျိုးရေးပြတိုက် အဆောက်အအုံတွင် စိုက်ပျိုးရေးလုပ်ငန်း၊ရေရရှိရေးလုပ်ငန်း၊ စက်မှုလယ်ယာလုပ်ငန်း ပြကွက်များ စုံလင်စွာ ပြသရေးနှင့်ငမိုးရိပ်ရေလှောင်တမံ ဒေသတွင် မြန်မာ့ဆေးဝါးပင်များ အမယ်စုံ(အမည်စုံ)တစ်ကွင်းတစ်စပ် မြေဧက ၆၀ စိုက်ခင်းကြီးများ တည်ထောင်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ပြည်သူအများ လေ့လာမှတ်သားသင့်သည့် ပြတိုက်ပြကွက်ဆိုင်ရာများကို ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လုပ်ငန်းဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက စိုက်ပျိုးရေးပြတိုက်တွင် ပြသမည့် ပြကွက်များ၊ ပြသမည့်လုပ်ငန်းစဉ်များနှင့် မြေဧက ၆၀ ပရဆေးဥယျာဉ်တွင် စိုက်ပျိုးမည့် ပရဆေးပင်များနှင့် စိုက်ကွက်ပုံစံများကို မြေပုံဇယား၊ ဒီဇိုင်းများဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ဉာဏ်တင်က ဆောင်ရွက်သွားရမည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ကြမည့်အဖွဲ့များအား ချမှတ်ပေးပြီး စိုက်ပျိုးရေးပြတိုက်၏ ပြခန်းအနေအထားများကိုကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၁၅ ရက်က စမ်းချောင်းမြို့နယ် ဗုဒ္ဓဘာသာယဉ်ကျေးမှု ကော်မတီက ကြီးမှူး၍ (၂၁)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲဆိုင်ရာ သင်တန်းများကို စမ်းချောင်း အထက(၂)တွင် သင်ကြားပေးလျက်ရှိစဉ်။ (၁၂၉)

ပြန်/ဆက်စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ရန်ကုန် မေ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စေတနာ ရှင်၊ အလှူရှင်များက စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အလှူရှင်များတက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက်အလှူရှင် ပုဇွန်တောင်မြို့နယ်မှ ဒေါက်တာ သာထွန်းဦး (တူဒေးစာအုပ်တိုက်)က မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အုပ်ရေ ၂၀၀၀၊ကမာရွတ်မြို့နယ်မှ ဦးဇော်မင်းထူး(ပဒေသာစာပေ)က စာအုပ် ၄၀၀၊ ပဲခူးမြို့မှ ဗိုလ်ကြီးခင်ဦးနှင့် ဒေါ်မြမြစိုးတို့က ထီလာစစ်သူ၏'မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာသော်' စာအုပ် ၅၀၊ ကမာရွတ်မြို့နယ်မှ ဦးနေမျိုးသူရ (တကောင်းစာအုပ်တိုက်)က စာအုပ်မျိုးစုံ ၂၀၄အုပ်၊ ဗိုလ်တထောင်မြို့နယ်မှ ကဗျာဆရာ မင်းရွှေမင်း၊ ဒေါ်တင်စန်းမိသားစုက ထီလာစစ်သူ၏'မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာသော်'စာအုပ် ၂၅ အုပ်၊ မရမ်းကုန်းမြို့နယ်မှ ဒေါ်ဖြူဖြူလွင်နှင့် ဒေါ်နီလာလွင်တို့က ထီလာစစ်သူ၏ 'မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာသော်' စာအုပ်၁၃ အုပ်၊ စမ်းချောင်းမြို့နယ်မှဒေါက်တာဖေဘဉာဏ်က ထီလာစစ်သူ၏ 'မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာသော်' စာအုပ် ၁၀ အုပ်၊ တောင်ဥက္ကလာပမြို့နယ်မှ ရုပ်ရှင်/ဗီဒီယိုသရုပ်ဆောင် ဒေါ်စုလှိုင်နှင်းက မဂ္ဂဇင်း၊ဂျာနယ်မျိုးစုံ ၅၂၅ အုပ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဦးမျိုးမင်းလှိုင်(ထက်မြက်အောင်စာပေ)က အားကစားဂျာနယ်မျိုးစုံ ၂၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

စာကြည့်တိုက်များအတွက် ယမန်နေ့က လှူဒါန်းသော စာအုပ်များမှာ စုစုပေါင်း ၃၄၇၇ အုပ်ဖြစ်ပြီး စာအုပ်များ၏ တန်ဖိုးမှာ ငွေကျပ် ၁၃၁၄၂၅၀ ဖြစ်သည်။

ဖြန့်ဝေသွားမည်

ယမန်နေ့ကလှူဒါန်းသော စာအုပ်များကို နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

● ကျောဖုံးမှ

ပြီးခဲ့သောဆယ်စုနှစ်များက ဖွံ့ဖြိုးမှုအားနည်းခဲ့သော မြင်းခြံသည် ၂၀၀၄ ခုနှစ်သစ်တွင် ဖွံ့ဖြိုးစည်ပင်မှုများဝေဖြာလာသည်။ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရစက်မှုသိပ္ပံ (မြင်းခြံ)တို့ကို ဖွင့်လှစ်နိုင်ခဲ့သည်။ (၅၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု၍ မန္တလေးတိုင်းမြင်းခြံမြို့တွင် ပညာရေးဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသွားသည့် မြင်းခြံဒီဂရီကောလိပ်ဖွင့်ပွဲ အခမ်းအနားကို ယခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဖွင့်လှစ်ခဲ့

ဖွင့်ပွဲအခမ်းအနားတွင်မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီးမြင်းခြံဒီဂရီကောလိပ်မှ ကျောင်းသူ ကျောင်းသားများက ရွှေကြိုးဆွဲ၍ မြင်းခြံဒီဂရီကောလိပ် မုခ်ဦးဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ချိတ်ဆက်အသုံးပြု

အမျိုးသားပညာရည်မြင့်မားရေးအစီအစဉ်အရ မြင်းခြံဒီဂရီကောလိပ်တွင် IT Centre ခြောက်ခန်း ဖွင့်လှစ်ထားရှိပြီး ကျောင်းသူ ကျောင်းသားများကို သင်ကြားပေးလျက်ရှိသည်။ Language Lab တွင်လည်း ကျောင်းသူကျောင်းသား ၄၈ ဦး တစ်ပြိုင်တည်း သင်ကြား လေ့ကျင့်ပေးနိုင်သည်။ VSAT, e-Mail ကိုလည်း ချိတ်ဆက်အသုံးပြုနေပြီဖြစ်သည်။မြင်းခြံနယ်သားဦးမောင်မောင်သည် ကျောင်းအုပ်ကြီးတာဝန်ကိုထမ်းဆောင်နေပြီး မြင်းခြံပဒေသာမြေက လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းရေး၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်များထွက်ပေါ်လာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အစိုးရစက်မှုသိပ္ပံ (မြင်းခြံ)တွင်မြို့ပြ (Civil)၊ လျှပ်စစ်ဆက်သွယ်ရေး (Electronic)၊ လျှပ်စစ်စွမ်းအား (Electrical Power)၊ စက်မှုစွမ်းအား (Mechanical Power)၊ စက်မှုပုံစံပြု(Machine Tools and Design) နှင့် I.T(Information Technology)ဘာသာရပ်များကို သင်ကြားပေးလျက်ရှိသည်။

နဘူးအိုင်ကျေးရွာသည် မြင်းခြံမြောက်ဘက်တွင် အချက်အချာကျသော နေရာ၌ တည်ရှိသည်။ မန္တလေး တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်၊မြို့သာ၊မြင်းခြံနှင့် ရေးဟောင်းယဉ်ကျေးမှု နယ်မြေ ပုဂံ ညောင်ဦးဆက်သွယ်ရာ လမ်းမကြီးပေါ်တွင် တည်ရှိသည်။ မန္တလေးမြို့ နှင့် ၄၈ မိုင်သာကွာဝေးပြီး မြင်းခြံမြို့နှင့် ၁၆ မိုင်သာ ကွာဝေးသည်။ ၁၂ ပေကျယ် ကတ္တရာလမ်း ရှိနေပြီဖြစ်၍ သွားလာဆက်သွယ်မှု ကောင်းမွန်ခဲ့သည်။ နေ့တိုင်းဈေးရှိနေ၍လည်း နေ့စဉ် ရောင်းဝယ်ဖောက်ကားမှုဖြင့် စည်ကားလျက်ရှိသည်။

နဘူးအိုင်ကျေးရွာ

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့်အဖွဲ့သည် ၂၀၀၃ ခုနှစ်ကုန်ပိုင်း ဒီဇင်ဘာ ၁၈ ရက်က မြင်းခြံ ဒီဂရီကောလိပ် ဖွင့်လှစ်ရေးကြိုတင်စီစဉ်ရန် လာရောက်စဉ်က မြင်းခြံမြောက်ဘက် အချက်အချာနဘူးအိုင်ကျေးရွာ အစိုးရအလယ်တန်းကျောင်းသို့ ဝင်ရောက်စစ်ဆေးခဲ့သည်။ ကျေးလက်ဒေသပညာရေး မြှင့်တင်မှုအစီအစဉ်အရ တွဲဖက်အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးသွားသည်။

ဝန်ကြီး ဦးသန်းအောင်က နဘူးအိုင် ကျေးရွာကျောင်းနှင့် ပတ်သက်၍ "မြင်းခြံဒီဂရီကောလိပ်စတင် ဖွင့်လှစ်နိုင်ရေးအတွက် လာရောက်ရာတွင် ဤကျောင်းသို့ ဝင်ရောက်စစ်ဆေးပါသည်။ အထက်တန်းကျောင်းနှင့် အလှမ်းကွာဝေးသော ကျောင်းဖြစ်၍ ကျောင်းသားများနှင့် ဒေသအကျိုးငှာ အထက်တန်းကျောင်းခွဲ အဆင့်သို့ မြှင့်တင်ပေးပါမည်။ အဋ္ဌမတန်း အောင်ပြီးနောက် ကျောင်းဆက်လက်တက်ရောက်ရေးနှင့်ကျောင်းအင်္ဂါရပ်နှင့်ကိုက်ညီအောင်အားလုံးကပြုစုစောင့်ရှောက်ပေးကြရန် တိုက်တွန်းသည်" ဟု မှတ်ချက်ပြု ရေးသားသွားသည်။

ပညာသင်ကြား

နဘူးအိုင်ကျေးရွာတွင် ၁၉၅၄ ခုနှစ်ကစတင်၍ အစိုးရမူလတန်းကျောင်း ဖွင့်လှစ်ခဲ့သည်။ ၁၉၇၂ခုနှစ်တွင်မှ တွဲဖက်အလယ်တန်းကျောင်းအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၁၇နှစ်ကြာခဲ့ပြီးနောက် ယနေ့ တပ်မတော်အစိုးရ လက်ထက် ၁၉၉၀ ပြည့်နှစ် မေ ၁၄ ရက်တွင် အစိုးရအလယ်တန်းကျောင်း ဖြစ်ခဲ့သည်။ ယခုအခါ ကျောင်းအုပ်ကြီးနှင့် အလယ်တန်းဆရာ ခုနစ်ဦး၊ မူလတန်းဆရာ လေးဦး ရှိသည်။ မူလတန်း ကျောင်းသူ ကျောင်းသား ၃၁၀၊ အလယ်တန်း ကျောင်းသူကျောင်းသား ၃၂၅ ဦး ပညာသင်ကြားလျက်ရှိသည်။

မြင်းခြံပဒေသာမြေတွင် မြင်းခြံဒီဂရီကောလိပ်၊ အစိုးရစက်မှု သိပ္ပံ (မြင်းခြံ)နှင့် နဘူးအိုင်ကျေးရွာတွင်လည်း နိုင်ငံတော်အစိုးရ တွဲဖက်အထက်တန်းကျောင်းပေါ်ထွန်းလာပြီဖြစ်ရာ ဒေသခံ မျိုးဆက်သစ် လူငယ်လူရွယ်များသည် အထက်တန်းပညာ၊ အဆင့်မြင့်ပညာနှင့် သိပ္ပံနှင့် နည်းပညာများကို အိုးမကွာ အိမ်မကွာဖြင့် ငွေကုန်ကြေးကျ သက်သာ၊ လွယ်ကူစွာ သင်ကြားသင်ယူနိုင်နေပြီဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမည့် ထူးချွန်ထက်မြက်သော တိုင်းကျိုးပြည်ဆောင်အသိပညာရှင်များ၊အတတ်ပညာရှင်များလည်း ပေါ်ထွန်းလာမည်ဖြစ်သည်။

အဆင့်မြှင့်တင်

မြန်မာမှုနယ်ပယ်တွင်ပညာရွှေအိုး၊ လူမခိုးဟု ဆိုရိုးစကားရှိသည်။ မြင်းခြံဒီဂရီကောလိပ်၊ စက်မှုသိပ္ပံ (မြင်းခြံ)၊ နဘူးအိုင်အစိုးရ တွဲဖက်အထက်တန်းကျောင်းဖွင့်လှစ်နိုင်ခြင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်တွင်ပါဝင်သော ကျေးလက်ဒေသ ပညာရေးအဆင့် မြှင့်တင်ပေးနိုင်ခြင်း၏ ပြယုဂ်ပင်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်နှင့်အညီ ဖြစ်ထွန်း တိုးတက်လာသော နဘူးအိုင်ကျေးရွာ အစိုးရအလယ်တန်းကျောင်းရှိ စာသင်ဆောင် တစ်ဆောင်ကို ဤသို့တွေ့ရသည်။



မြန်မာ့အလင်းသတင်းစာတိုက်(၂၆)ကြိမ်မြောက် ဒုလ္လဘရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲကျင်းပ

ရန်ကုန် မေ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထားပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းအေးတို့ ဦးဆောင်၍ မြန်မာ့အလင်း သတင်းစာတိုက် သာသနဝိပ္ပာရီအသင်း၏ (၂၆)ကြိမ်မြောက် ဒုလ္လဘရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲအလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ မြသိန်းတန်ကျောင်းတိုက်၌ ကျင်းပသည်။

အလှူတော်မင်္ဂလာအခမ်းအနားသို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းအေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းညွှန်ကြားရေးမှူး(သတင်း)ဦးလှထွန်း၊သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ စာတည်းမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားတွင် မြသိန်းတန်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရအမှူးပြုသော ပင့်သံဃာတော်များနှင့် ဒုလ္လဘရဟန်းများအား မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့် ဝန်ထမ်းများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းလှူဒါန်း

ထို့နောက်သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း**(အပေါ်ပုံ)**နှင့် ဇနီး ဒေါ်သန်းသန်းအေး၊ ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်းနှင့် စာတည်းမှူးချုပ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ဆရာတော် ဘဒ္ဒန္တကေသရထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မြန်မာ့အလင်းသတင်းစာတိုက် သာသနဝိပ္ပာရီဗုဒ္ဓဘာသာအသင်း၏ (၂၆)ကြိမ်မြောက် ဒုလ္လဘရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲတွင် ဒုလ္လဘရဟန်းလောင်းများအဖြစ် ဝန်ထမ်းရှစ်ဦးနှင့် ဝန်ထမ်းသား သုံးဦး စုစုပေါင်း၁၁ဦး ရဟန်းခံကြပြီး ဝန်ထမ်းအမျိုးသမီး သုံးဦးတို့ သီလရှင်ဝတ်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ တန့်ဖိုးနည်းကျေးလက်အိမ်ရာစီမံကိန်းများဆောင်ရွက်နေ ပထမအဆင့်အနေဖြင့် ၆၈၅ လုံး တည်ဆောက်ပေးခဲ့

ရန်ကုန် မေ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် မေ ၁၃ ရက် နံနက်ပိုင်းက စဥ့်ကိုင်မြို့နယ် ဇော်ဂျီကျေးရွာ စက်ရေတွင်းဖွင့်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်း၊ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကံလှ၊ ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နှင့်ကျေးလက်ဒေသခံပြည်သူများ တက်ရောက်ကြသည်။ စက်ရေတွင်းအားတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖူလုံစွာရရှိသုံးစွဲ

အဆိုပါစက်ရေတွင်းမှ စဥ့်ကိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် အဖွဲ့ပိုင်ရန်ပုံငွေဖြင့်ဆောင်ရွက်သော အနက်ပေ ၃၆၀ ရှိ နှစ်လက်မ စက်ရေတွင်း အမျိုးအစားဖြစ်ပြီး ရေထွက်နှုန်း တစ်နာရီ ဂါလန် ၂၀၀၀ ထွက်ရှိသည်။ စက်ရေတွင်းတူးဖော်ပေးခြင်းကြောင့် အိမ်ခြေ ၁၂၄ အိမ်၊ လူဦးရေ ၆၀၉ ဦးနှင့် ပတ်ဝန်းကျင်ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိသုံးစွဲနိုင်ခဲ့သည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မန္တလေးတိုင်း အတွင်း စည်ပင်သာယာရေးအဖွဲ့များမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်အိမ်ရာစီမံကိန်း ဆောင်ရွက်ပြီးစီးမှုများအား သွားရောက်စစ်ဆေးခဲ့သည်။

ကျေးလက်အိမ်ရာစီမံကိန်း

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကန်သစ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်အိမ်ရာစီမံကိန်းအရ ဆောက်လုပ်ပြီးစီးသည့်အိမ်ရာများအားစစ်ဆေးပြီး **(အပေါ်ပုံ)** နေထိုင်လျက်ရှိသော အိမ်ပိုင်ရှင်များနှင့်တွေ့ဆုံကာ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် ကျေးလက်အိမ်ရာစီမံကိန်းအကြောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။ဝမ်းတွင်းမြို့နယ်တွင် ကျေးလက်အိမ်ရာစီမံကိန်းအရ ကန်သစ်ကျေးရွာတွင် လေးလုံး၊ ဘုရားဖြူကျေးရွာတွင် ခြောက်လုံး စုစုပေါင်း ၁၀ လုံး ဆောက်လုပ်ပြီးစီးပြီဖြစ်သည်။

ဆက်လက်၍ သာစည်မြို့နယ်သို့ ရောက်ရှိပြီး ကျေးလက်အိမ်ရာစီမံကိန်းအရ ရွာကြီးကျေးရွာတွင် ဆောက်လုပ်နေသည့် ကျေးလက်အိမ်ရာအလုံး ၂၀ မှ အိမ်ပိုင်ရှင်များနှင့် လည်းကောင်း၊ လှိုင်းတက်ကျေးရွာတွင် ဆောက်လုပ်ပြီးစီးနေသော ကျေးလက်အိမ်ရာ ၁၀ လုံးအားလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။

ရှင်းလင်းပြောကြား

ထို့နောက် မိတ္ထီလာမြို့နယ် ရေချိုကျေးရွာသို့ ရောက်ရှိပြီး ရေချိုကျေးရွာတွင် ဆောက်လုပ်ပြီးစီး၍ နေထိုင်လျက်ရှိသည့်ကျေးလက်အိမ်ရာများအား သွားရောက်စစ်ဆေးကာ အိမ်ထောင်စုဝင်များနှင့်တွေ့ဆုံ၍ ကျေးလက်အိမ်ရာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုအား ရှင်းလင်းပြောကြားခဲ့သည်။

ဆောက်လုပ်ပေးပြီး

စည်ပင်သာယာရေးဦးစီးဌာနသည် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ တန့်ဖိုးနည်းကျေးလက်အိမ်ရာများအား ပထမအဆင့်အနေဖြင့် တိုင်းခြောက်တိုင်းတွင် ၂၀၀၃–၂၀၀၄ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း ၆၈၅ လုံး တည်ဆောက်ပေးခဲ့ရာ မန္တလေးတိုင်း မြို့နယ် ၁၆ မြို့နယ်တွင် ကျေးလက်အိမ်ရာ ၁၄၉လုံး ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

[illegible] Computer Animation [illegible]

1st Myanmar 2D/3D Computer Animation ပြိုင်ပွဲ

[illegible] **SAE Diploma Program** [illegible]

[illegible]

[illegible] **Animation** [illegible]

[illegible]

SAE INSTITUTE

EL' Dorado Digital Media
No. 157/168, C-2,
39th Street, Kyauktada TSP,
Yangon, Myanmar.
Ph: 381217, 375942

Creative Media Technologies Centre
No. 581, Lower Kyee Myin Dine
Kyee Myin Dine Township,
Yangon, Myanmar.
Ph: 220351

အသံမစဲရွတ်ဖတ်ပူဇော်မည်

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခကျောင်း ဓာတ်တော်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ (၁၃)ကြိမ်မြောက် ရှေးဟောင်း အင်္ဂုယရွှေဆင်းတု (အလိုတော်ပြည့်)ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဓာတ် တော်များပူဇော်ပွဲနှင့် ဗုဒ္ဓ၏ပရိတ်တော်များ အသံမစဲ ရွတ်ပွားပွဲကို မေ ၂၂ရက် မှ ၂၈ရက်ထိ ကျင်းပမည်ဖြစ်သည်။

၂၈ရက် မွန်းလွဲပိုင်းတွင်ပရိတ်တော်ရွတ်ပွားအောင်ပွဲနှင့် ကျောင်းတိုက်ပဓာနနာယကဆရာတော်(လူမှုထူးချွန်ဒုတိယဆင့်) ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရ (သက်လွတ်)၏ ဒါနပရမတ္တပါရမီ သွေးအလှူ(၇၉)ကြိမ်မြောက် စိန်ရတုဓမ္မသဘင်အခမ်းအနားများဆက်လက်ကျင်းပမည်။ အဆိုပါ အခမ်းအနားများသို့ ကြွရောက်ချီးမြှင့်တော်မူကြမည့် သံဃာတော် ၂၇ပါးနှင့် ကျောင်းတိုက်သံဃာတော်များအား သက်လွတ်ဆွမ်းနှင့် သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုကို လှူဒါန်းခြင်း ဘုရားဖူးတရားတော်နာကြွရောက်ရန် အကျိုးတော်ဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (၀၅၄)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဗေယျာလမ်း၊
အမှတ်(၇၄၂)နေ ဦးအောင်မြင့် [အရာခံဗိုလ် (ငြိမ်း)
တပ်မတော်–လေ]–ဒေါ်အုန်းခင် (မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)
တို့၏ သားကြီး

မောင်နေစိုးအောင် B.E (Electronic)
Managing Director
PEMCO Company Limited

နှင့်

(ဦးထွန်းရှင်)–ဒေါ်လွန်းမေ (ဒေါ်လွန်းမေ ဆေးတိုက်)တို့၏မြေး၊
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်း၊ (၁)ရပ်ကွက်၊
မေတ္တာရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၁၀–A)၊ အခန်း (၇–၈)နေ
ဦးကျော်သိန်း–ဒေါ်စောရှိန် တို့၏ သမီးထွေး

မအေးအေးအောင် B.A (History)
Dip in Japanese (U.F.L)
Mitsubishi Corporation (Yangon Branch)

တို့၏

၁၀–၅–၂၀၀၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီးဦးခင်မြင့်အားလည်းကောင်း၊ ၁၅–၅–၂၀၀၄ရက်တွင် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပသော မင်္ဂလာညှော့ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ ခင်မင်ရသောသူငယ်ချင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟ အပေါင်းများကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နေစိုးအောင်–မအေးအေးအောင်။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ [illegible] အမှတ်(၃၁)နေ
(ဒုတိယဗိုလ်မှူးကြီး [illegible](လေ)ငြိမ်း)–ဒေါ်[illegible]
တို့၏သား

မောင်[illegible] Second Year (Anthro)
MULTI-GATE Co.,Ltd

နှင့်

ရန်ကုန်မြို့၊ [illegible]
[illegible]
တို့၏သမီး

မ[illegible] M.Sc(Engineering Physics)
IDCS(UK)

တို့အား [illegible] ၁၅–၅–၂၀၀၄ရက် Dusit Inya Lake [illegible] Video [illegible]

နှစ်ဖက်သောမိဘများနှင့် [illegible]

မွေးနေ့မင်္ဂလာဆုတောင်း

ဖေဖေ **ဒေါက်တာသန့်ဇာနည်ဖေယျ**နဲ့ မေမေ **မခင်စန္ဒာထွန်း**တို့ရဲ့ တစ်ဦးတည်းသော ချစ်သမီးလေး **သန့်သန့်မြင့်မိုရ်**၏ (၁)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နှစ်ရာကျော်တိုင်အောင် ပျော်ရွှင်ချမ်းမြေ့ပါစေ–

နှစ်ဖက်သော အဘိုး–အဘွားများ
ဦးဦး–ဒေါ်ဒေါ်များနှင့်
ဘဘ–ယာယီခွဲမှူး(ဗိုလ်မှူး)ဗိုလ်ကြီးဇော်နိုင်ဦး
ကြီးကြီး–ဒေါ်သီတာပုဖေယျ(ဦးစီး၊ MRTV-3)။

အမြန်ဝယ်ယူလိုပါသည်

350-500 KVA မီးစက်အသစ်
(သို့မဟုတ်)
Good Second Hand
(Silent Type)

ဆက်သွယ်ရန်–
ရုံးချိန်အတွင်း ဖုန်း–၂၂၃၅၉၃၊၂၂၃၅၉၂
ရုံးချိန်ပြင်ပ–၀၉–၈၀–၃၃၃၉၀
၀၉–၉၉–၂၅၈၂၃
၀၉–၅၀–၁၇၉၅၈
၀၉–၅၀၀–၂၂၆၃

မင်္ဂလာညှော့ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်
ဦးစန်းလွင်–ဒေါ်ခင်စန်းမြ တို့၏ သားငယ်

ဗိုလ်ကြီးထွန်းလွင်ထွန်း
B.Sc(DSA),M.Sc(Chemistry)(Credit) Y.U, Dip.FT,Dip.DS

နှင့်

ရန်ကုန်မြို့နေ
ပါမောက္ခ ဒေါက်တာဦးမင်းနိုင်–ဒေါ်ထားထားဦး(Expo Myanmar Co.,Ltd.)
တို့၏သမီး

မစုစန္ဒာနိုင်(ခ)မစုစုလှိုင် B.Sc(Zoology)

တို့၏ ၉–၅–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပသော မင်္ဂလာညှော့ခံပွဲသို့ မင်္ဂလာလက်ဆောင်မွန်များပေးပို့ကြသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ ဇနီး ဒေါ်မာလာတင့်၊ မင်္ဂလာလက်ဆောင်မွန်ပေးပို့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး၊ ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး ဒေါ်ခင်အေး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးခြင်းနှင့် ၈–၅–၂၀၀၄ရက်(စနေနေ့) တွင် မြရိပ်ညိုရွှင်ရယ်ဟိုတယ် ၌ကျင်းပခဲ့သော ထိမ်းမြားလက်ထပ်မင်္ဂလာပွဲသို့ ကြွရောက်၍ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေးသော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးဒေါ်စံယုံ၊ မိဘများ၏ လက်ဖွဲ့ရတနာများကို ချီးမြှင့်ပေးသော ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် ဇနီး ဒေါ်သက်သက်ဆွေ တို့အားလည်းကောင်း၊ လက်ထပ်စာချုပ်ချုပ်ဆိုပေးသော ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်အားလည်းကောင်း၊ အသိသက်သေများအဖြစ် ပါဝင်လက်မှတ်ရေးထိုးပေးကြသော ဒုတိယဗိုလ်မှူးကြီးသိန်းဌေးဝင်းနှင့် ဦးထွန်းအေးအားလည်းကောင်း၊ မင်္ဂလာညှော့ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မေတ္တာဖြင့်ဝိုင်းဝန်းကူညီပေးခဲ့သော ဒေါက်တာဦးခင်ရွှေနှင့် ဇနီးဒေါ်စန်းစန်းကြွယ်၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော **The Aces** တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊မင်္ဂလာပန်းကြဲပေးခြင်းနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအိဖြူဝင်းအားလည်းကောင်း၊ မေတ္တာဖြင့်ကူညီပေးသော ဦးသန်းဇော်၊ ဗီဒီယိုဓာတ်ပုံ မှတ်တမ်းတင်ပေးသော အကိုင်းနှင့်အဖွဲ့၊ မိတ်ကပ်အောင်အောင်၊ ဘက်စုံထောင့်စုံမှ လစ်ဟင်းမှုမရှိအောင် ကူညီပံ့ပိုးဆောင်ရွက်ပေးကြသူများအားလည်းကောင်း၊ မြရိပ်ညိုရွှင်ရယ်ဟိုတယ်နှင့် ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၁၅–၅–၂၀၀၄ ရက်(စနေနေ့)တွင် ကမ္ဘာအေး မိုးကုတ်ဆွမ်းစားဆောင်၌ ပြုလုပ်သော မင်္ဂလာဆွမ်းကပ်အလှူပွဲသို့ ကြွရောက်လာကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မိုးကုတ်ဆွမ်းစားဆောင်မိသားစုများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိအပ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးထွန်းလွင်ထွန်း–မစုစန္ဒာနိုင်(ခ)မစုစုလှိုင်။

မင်္ဂလာညှော့ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးလှထွန်း(ငြိမ်း)၊ ဒုတိယရဲချုပ်(ငြိမ်း)–ဒေါ်ထားထားတို့၏သားငယ်

မောင်မြတ်ထွန်း
A.G.T.I(E.P), B.Sc(Physics)
Assistant Enginner, Integrator Services Co.,Ltd.

နှင့်

ရန်ကုန်မြို့နေ (ဒေါက်တာဦးခင်ဝင်း၊ ဆေးရုံအုပ်ကြီး၊ ပြည်နယ်ပြည်သူ့ဆေးရုံ၊ လှိုင်ကော်)–
ဒေါ်ကြည်ကြည်မြင့်(အထက်တန်းပြ၊ ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

မချောစုဝင်း
B.Sc(Hons.), M.Sc(Engineering Physics), D.C.Sc
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

တို့၏ ၁၃–၅–၂၀၀၄ရက်တွင် ထိမ်းမြားမင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်းအားလည်းကောင်း၊ ၁၅–၅–၂၀၀၄ရက်တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော့ခံပွဲအခမ်းအနားတွင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၏ ဇနီးဒေါ်သန်းသန်းနွဲ့၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၏ဇနီး ဒေါ်ခင်နှင်းဝေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်နှင့်ဇနီး ဒေါ်ခင်လှလှ၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဇနီးဒေါ်ခင်နွယ်နွယ်တို့အားလည်းကောင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဒေါ်ခင်မိုးဥနှင့် မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရန် ကူညီဆောင်ရွက်ပေးကြသော သူငယ်ချင်း၊ မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြတ်ထွန်း–မချောစုဝင်း။

တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကျင်းပရေး အလှူငွေပေးအပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အလှူငွေလက်ခံဂုဏ်ပြုလွှာပေးအပ်

ရန်ကုန် မေ ၁၅

(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကျင်းပရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ၁၃ရက် မွန်းလွဲ၁နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး အလှူရှင်များဖြစ်ကြသည့် ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ငွေကျပ် ၂၀၀၀၀၀၊ အဝေးပြေး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ငွေကျပ် ၂၀၀၀၀၀၊ သီရိသုဓမ္မဓမ္မဓာဇောတရေ ဦးဘိုကြီး နှင့် ဒေါ်သန်းသန်းတို့က ငွေပဒေသာပင်အတွက် ငွေကျပ် ၂၀၀၀၀၀။ ငွေကျပ်၁၀၀၀၀၀ အလှူရှင်များဖြစ်ကြသော ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ် လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့၊ ဦးကျော်ဝင်း (မိကျောင်းအထည်ချုပ်စက်ရုံ)၊ ဦးမြင့်ဝင်း(ဒဂုံမြို့သစ်မြောက်ပိုင်း စီးပွားရေးဖွံ့ဖြိုးမှုဇုန်)၊ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းနေသီရိသုဓမ္မမဏိဇောတရေ ဦးဘိုကြီး–ဒေါ်သန်းသန်း၊ ဦးကိုကိုလတ်–ဒေါ်တင်တင်မေ (ကြည်သာရတနာရွှေဆိုင်)၊ ဒေါပုံမြို့နယ်မှ ဦးခင်မောင်ဝင်း၊ သီရိသုဓမ္မ မဏိဇောတရေ ဦးစိန်လှဝင်း–ဒေါ်ဖြူဖြူခင်မိသားစု၊ ဦးစိုင်းအိုက်ပေါင်နှင့် ဦးမြတ်စိုး(မင်္ဂလာတောင်ညွန့်မြို့နယ်)၊ ဦးမျိုးမြင့် (Fisca Enterprise)၊ လှိုင်သာယာမြို့နယ်မှလုပ်ငန်းရှင်များ၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ ဦးခင်မောင်လတ်(တုန်းတာ ကုမ္ပဏီ)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အမှတ်(၃)စက်မှုဇုန် ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်ထိန်းသိမ်းရေးကော်မတီ ၊ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ သီရိ သုဓမ္မမဏိဇောတရေ ဦးသန်းနိုင်နှင့် သီဟသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ၊ ဒေါ်ခင်လေးချစ် (မိသားစု)၊ဦးဟုန်ဝမ်– ဒေါ်တင်အေး (တိုက်ကြီး)၊ဦးတင်အောင် (လှည်းကူးမြို့နယ်စည်ပင်သာယာဈေးအကျိုးတော်ဆောင်အဖွဲ့)၊ မြောက်ဥက္ကလာပ စက်မှုဇုန်နှင့် ရွှေပေါက်ကံ စက်မှုဇုန်၊ တောင်ဥက္ကလာပစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ သာကေတမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ တာမွေမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ထန်းတပင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်နှင့် မှော်ဘီမြို့နယ်တို့မှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများအပါအဝင် အလှူရှင် ၆၁ဦးတို့က အလှူငွေကျပ် ၄၈၇၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများက အလှူငွေများလက်ခံကြပြီးဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

မဟာစည်ဆရာတော်ကြီး သက်တော်ရာပြည့်အထိမ်းအမှတ် ကျောက်စာတိုင်နှင့် ကြေးဆင်းတုတော်ထားမည့်ဗိမာန်တော် ပန္နက်တင်

ရန်ကုန် မေ ၁၅

ဗဟန်းမြို့နယ် အမှတ် (၁၆) သာသနာ့ရိပ်သာလမ်း မဟာစည်သာသနာ့ရိပ်သာ၊ မဟာစည်ဆရာတော်ကြီး၏ စံကျောင်းတော်ရင်ပြင်၌ မဟာစည်ဆရာတော်ကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ် ကျောက်စာတိုင် နှင့် ဆရာတော်ကြီး၏ကြေးဆင်းတုတော် ပူဇော်ထားရှိနိုင်ရန် ဗိမာန်တော်မြတ် ပန္နက်တင်မင်္ဂလာကို မေ၁၃ရက် နံနက်၉နာရီက ကျင်းပရာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် နာယက ဦးကြင်၊ ဥက္ကဋ္ဌ ဦးတင်ဝမ်၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးဝင်းထိန်နှင့် အတွင်းရေးမှူး ဦးတိုက်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဖုန်းမြင့်၊ ဘဏ္ဍာရေးမှူး ဦးကျော်ဇော၊ စာရင်းစစ်ဦးချိန်ဆိုင်နှင့် ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဆွေ၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မမကြီး၊ ဒုတိယဥက္ကဋ္ဌ (၂) ဒေါ်ရှုကြူ၊ အတွင်းရေးမှူး ဒေါ်ခင်ခင်ထား၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ဝင်းနှင့် အဖွဲ့သုံးဖွဲ့၏ အမှုဆောင်များ၊ အဖွဲ့ဝင်များ ဖိတ်ကြားထားသူများ၊ ယောဂီများ တက်ရောက်ကြပြီး မင်္ဂလာအချိန်တွင် ပန္နက်တော် တင်ပေးကြကြောင်းသိရသည်။ **(က–ပ)**

မေ ၁၀ရက်က ဒဂုံဆိပ်ကမ်းမြို့နယ် ဝိသာခါသီလရှင် (အမျိုးသမီး) ပညာသင်ကျောင်းက ချို့တဲ့ နွမ်းပါးသောမိဘမဲ့ကလေးများအတွက် ငွေကျပ် ငါးသောင်းနှင့် ပူတူတူးလေးလစဉ်ထုတ်စာအုပ်များကို ဦးသန်းနိုင် (မြတ်သူစံဝါးခယ်မ) ဇနီး ဒေါ်အေးကြည်ပြာ(မကြည်ပြာ) မိသားစုက ပူတူတူးလေးလစဉ်ထုတ်အုပ်၁၀၀ပြည့်အမှတ်တရအလှူဒါနအဖြစ်လှူဒါန်းစဉ်။ (က–ပ)

တက်ရောက် လက်ခံ

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ(၅၆)ကြိမ်မြောက်တိပိဋကကောဝိဒချီးကျူးပူဇော်ပွဲ ကျင်းပရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေများအား တက်ရောက်လက်ခံစဉ်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံးက အောင်ဆန်းရှိ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို မေ၁၃ရက်က ရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးရဲထွဋ်က ရပ်ကွက်ဥက္ကဋ္ဌ ဦးမြလှိုင်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (က–ပ)

ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

ရန်ကုန် မေ ၁၅

မှော်ဘီမြို့ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ဈေးသူ ဈေးသားများနှင့် ဈေးအကျိုးဆောင်များ စုပေါင်း၍ မေ၈ရက် နံနက်က ဈေးရှေ့ရှိရေနုတ်မြောင်းများအတွင်းအမှိုက်သရိုက်များ ရှင်းလင်း၍ ဈေးပတ်ဝန်းကျင်သန့်ရှင်းရေးများဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်နှင့် တာဝန်ရှိသူများက ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးလက်ဒေသများအတွက် စက်ရေတွင်းများလှူဒါန်းနိုင်

ရန်ကုန် မေ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့် ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်းအနက်ပေ ၄၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်းအနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးမားခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းစသည့် ရေအကျိုး ၁၀ ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ်၊ ဖုန်း–၀၁–၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)၊ ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ပေးအပ်

မေ၈ရက်က မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် မြောက်ပိုင်း အမှတ် (၃၀)အခြေခံပညာ မူလတန်းလွန်ကျောင်း၏မူလတန်းဆင့် သင်ယူပြီးမြောက် ခြင်းလက်မှတ် ချီးမြှင့်ပေးအပ်ပွဲကို ကျင်းပရာကျောင်းအုပ်ဆရာကြီးဦးခင်ထွန်းက ကျောင်းသူတစ်ဦးအား ပေးအပ်ချီးမြှင့်စဉ်။

(က–ပ)

အရိပ်ရပင်စိုက်ပျိုး

ရန်ကုန် မေ ၁၅

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဧပြီ၃၀ရက်ကပြည်ထောင်စုလမ်း လမ်းလယ်ကျွန်းအမှတ် ၅၆မှ ၆၅အထိမြေခင်းအလှပြုပြင်ခြင်း၊စိုက်ပျိုးထားသော ရာသီပန်းများ၊အရိပ်ရပင်များပြုစုခြင်းနှင့် လမ်းဘေးဝဲ/ယာ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကိုသန့်ရှင်းရေးစုပေါင်းဆောင်ရွက်ရာအမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေကအနီးကပ်ကြီးကြပ်ဆောင်ရွက်ကြသည်။ **(ယာပုံ)(မြို့နယ်စည်ပင်)**

မေ ၃ရက်က ပျဉ်းမနားမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး အဝေးပြေးစက်သုံးဆီ အရောင်းဆိုင်အမှတ် (၀၃၅၁) မန်နေဂျာ ဦးကျော်ခင်သိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးငွေသိန်းနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြလေ့ကျင့်စဉ်။ (၁၀၁)

ယင်းမာပင်မြို့နယ် အလှူရှင်စက်ရေတွင်းဖွင့်

ယင်းမာပင် မေ ၁၂

ယင်းမာပင်မြို့နယ် လက်ကပြား ကျေးရွာအုပ်စု အင်တောကျေးရွာ စည်ပင်ဘဏ်လှူဒါန်းငွေဖြင့် ဆောင်ရွက်သည့် စက်ရေတွင်းကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ ကျေးရွာအုပ်စုရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က မေ ၇ရက် နံနက် ၁၁ နာရီတွင် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရေတွင်းမှာ နှစ်လက်မတွင်းအမျိုးအစား ရေထွက်နှုန်းမှာ တစ်နာရီလျှင် ဂါလန် ၁၁၀၀ထွက်ရှိပြီးစည်ပင်ဘဏ်လှူ ဒါန်းငွေနှင့် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေစုစုပေါင်း ကျပ် ၁၁ ဒသမ၃၄ သိန်းဖြင့်ဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

(၈၃)ကြိမ်မြောက်သွေးလှူဒါန်း



ရန်ကုန် မေ ၁၅

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်ပုပ္ပာကျေးရွာနယ်လှည့်သာသနာပြုမိုးကုတ်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ လူမှုထူးချွန်(ဒုတိယဆင့်–တတိယဆင့်)မော်လမြိုင် ဓမ္မရက္ခိတ တောင်ဝိုင်းဆရာတော်ချင်းတွင်း အရှင်ကလျာဏ **(အပေါ်ပုံ)**သည် ရန်ကုန်တိုင်း အလုံမြို့နယ် ကလေးဆေးရုံကြီး သွေးလှူဘဏ်တွင် မေ ၁၃ ရက် (ကြာသပတေးနေ့)က (၈၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

ရမ်းဗြဲမြို့နယ်၏ ၂၀၀၄–၂၀၀၅ခုနှစ် စီမံကိန်းသီးနှံများ စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရမ္မာဝတီခန်းမ၌ ကျင်းပရာ စီမံကိန်းသီးနှံစခန်းများသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်က တာဝန်ပေးအပ်လွှာများ ပေးအပ်စဉ်။ (က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ပဲခူးတိုင်း (အနောက်ပိုင်း) ခရိုင်ချင်းဆက်လမ်း(ပေါက်ခေါင်းမြို့နယ်အပိုင်း)ဆောင်ရွက်ပြီးစီးမှုအား ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) တိုင်းခွဲဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧပြီ ၂၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့က ရှင်းလင်းပြသစဉ်။ (၄၀၃)

ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ မော်လမြိုင်မြို့အထက(၆)ရတနာခန်းမ၌ကျင်းပ

မော်လမြိုင် မေ ၁၂

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အထက်တန်းဆင့်၊ အလယ်တန်းဆင့်နှင့် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မေ ၆ ရက်က အထက(၆)ရတနာမွန်ခန်းမဆောင်၌ ကျင်းပသည်။ သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် အထက(၆) ကျောင်းအုပ်ဆရာကြီး ဦးမြတ်ကိုက အမှာစကား ပြောကြားပြီးနောက် အထက်တန်းဆင့် ၁၅၀၊ အလယ်တန်းဆင့် ၂၃၉ဦးနှင့် မူလတန်းဆင့် ၁၂၅ ဦးတို့ကို ကျောင်းအုပ်ဆရာကြီး ဦးမြတ်ကိုက သင်ယူပြီးမြောက်ခြင်း လက်မှတ်များ တစ်ဦးချင်း ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)** **(၁၆၈)**

ရေပိုက်သွယ်

ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ (ရှမ်း/တောင်)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုနှင့် လွိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းတို့ မေ ၄ ရက်က လွိုင်လင်မြို့ နောင်တောင်းရေထွက်ရေကန်တွင် ရေပိုက်ဆက်သွယ်မှုဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျောက်ချောလမ်းဖွင့်

ကျိုက်လတ် မေ ၈

ကျိုက်လတ်မြို့နယ် ဆူးဂဏန်းကျေးရွာအုပ်စု မအူပင်–ကျိုက်လတ်ကားလမ်းနှင့် ငပိချောင်းကျေးရွာအုပ်စု ဆက်သွယ်သော ဆူးဂဏန်း–ငပိချောင်း ကျေးလက်မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ကြသည်။

အဆိုပါကျေးလက်လမ်းမှာ အလျား နှစ်မိုင် နှစ်ဖာလုံ၊ အကျယ်ပေ ၃၀ ရှိမြေသားလမ်းဖြစ်ပြီး ရန်ကုန်မြို့နေ အလှူရှင်များနှင့်ကျေးရွာသူကျေးရွာသားများက ငွေကျပ်သိန်း ၈၀ကျော် အကုန်အကျခံ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယာဉ်ယန္တရားနှင့် နည်းပညာအကူအညီဖြင့် ရှစ်ပေအကျယ် ကျောက်ချောလမ်းဆောင်ရွက်ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

စုပေါင်းသန့်ရှင်း

ဖန်းမော် မေ ၇

ဖန်းမော်မြို့နယ် စည်ပင်သာယာအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ မေ ၄ရက်က ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် ဒုဦးစီးမှူး(ဈေး)တို့က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ သီရိရတနာ ဈေးအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို အနီးကပ် ကြီးကြပ် ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ပါ

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက် (၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(စ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းစွာ ထားပါ။
(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့် သိပ်ပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။
(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာ ကောင်းအောင်ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကို ယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ဓမ္မပိယစာစဉ် သုံးနှင့်လေး (ထွက်ပြီ)

ဓမ္မပိယဆရာတော် အရှင်သံဝရာလင်္ကာရ၏

ဘဝဒဿန တစ် နှင့် ဘာဝနာကထာ တစ်

ဖြန့်ချိရေး – မျိုးဆက်သစ်စာပေ ဖုန်း–၂၄၉၉၄၁

ထွန်းဦးစာပေ(မန္တလေး) ဖုန်း–၀၂–၃၉၈၀၁

မွေးနေ့မင်္ဂလာဆုမွန်လွှာ

၁၆–၅–၂၀၀၄ရက်တွင် ရောက်ရှိသော ချစ်တူလေး ဇေယျာထွန်း (SHIMOTTE) 4 Primary°II (ILBC)၏ ကိုးနှစ်မြောက်မွေးနေ့မှသည် အသက်ထက်ဆုံးတိုင် အနာဂတ်ဘဝ တစ်လျှောက်လုံး ကျန်းမာချမ်းသာပြီး အောင်မြင်မှုများစွာဖြင့် ပျော်ရွှင်သော ဘဝကိုပိုင်ဆိုင်သည့် သားကောင်း ရတနာလေး ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။

ချစ်သော အန်တီများ

အန်တီ Swe ၊ အန်တီ Sein
အန်တီ Aye ၊ အန်တီ Phyu
အန်တီ Yal ၊ အန်တီ Ngwe

အထက(၃) တာမွေ ၁၉၈၆–၈၇ ပညာသင်နှစ် (သိပ္ပံတွဲ) ကျောင်းသူ ကျောင်းသားများ၏

ဆရာကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲ

အစီအစဉ်ကို ၃၀–၅–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် ဗဟန်းအားကစားကွင်းရှိ M3 Food Center ၌ ကျင်းပမည်ဖြစ်ပါ၍ အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကိုဇော်မိုးအောင်	၅၁၀၅၁၅ (Off)	မမြတ်မွန်	၅၄၂၈၁၇
ကိုနွေမှူး	၂၄၆၇၁၈ (Off)	မချယ်ရီဝင်း	၇၂၇၅၉၆
ကိုဇော်မင်း	၅၅၇၅၃၈	မခင်ဥမ္မာအေး	၇၂၆၉၃၅
ကိုလှထွေး	၅၄၁၈၃၃	မစန်းစန်းတင့်	၅၄၈၄၄၃

ကိုမျိုးမင်းအတွက် မွေးနေ့ဆုတောင်း

၁၆–၅–၂၀၀၄ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း တစ်ရာကျော်တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝခရီးလမ်းကို အောင်မြင်စွာ လျှောက်လှမ်းရင်း သာယာလှပတဲ့ မိသားစုဘဝကို ချစ်ဇနီးနှင့်အတူ ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်း မေတ္တာပို့သလျက်–

ချစ်ဇနီး ကေဇင်မျိုးမင်း
Director Diamond Pe Than Co.,Ltd.
ဒိုင်းမွန်းဦးဖေသန်း မိသားစု စက်ပစ္စည်းအရောင်းဆိုင်။

မုံရွာစီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာတွဲ့(အမ်ပီအေ) သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပညာမဟာတွဲ့(အမ်ပီအေ)သင်တန်းကို ၂၀၀၄ခုနှစ် ဇွန်လအတွင်း ဖွင့်လှစ်မည်ဖြစ်ရာ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်လွှာဝယ်ယူ တင်သွင်းနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး၊ စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ပြင်ပပုဂ္ဂိုလ်များ။

၂။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းသားရေးရာဌာန၌ ၁၇–၅–၂၀၀၄ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၂၈–၅–၂၀၀၄ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်။

၃။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁–၆–၂၀၀၄ရက်နေ့တွင်လည်းကောင်း၊ နှုတ်ဖြေစာမေးပွဲကို ၄–၆–၂၀၀၄ ရက်နှင့် ၅–၆–၂၀၀၄ ရက်များတွင် စစ်ဆေးရွေးချယ်ပြီး သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၄။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းသားရေးရာဌာန၌ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်သို့ စုံစမ်းနိုင်ပါသည်။

ဖုန်း–၀၇၁–၂၂၆၇၂၊၀၇၁–၂၉၃၂၉

ဦးနီ
ဌာနမှူး၊သင်တန်းရေးရာ(ပူးတွဲ)
မုံရွာစီးပွားရေးတက္ကသိုလ်။

အမည်ပြောင်း

အဖ ဦးသိန်းဇော်၏ သားဖြစ်သူ အထက(၅)မရမ်းကုန်း နဝမတန်း (က)မှ မောင်ရဲရင့်ထူးဇော်အား မောင်သူရအောင်ဟုလည်းကောင်း၊ အဖ ဦးသိန်းဇော်၏ သမီးဖြစ်သူ အထက(၅)မရမ်းကုန်း စတုတ္ထတန်း (က)မှ မခိုင်သီရိဇော်အား မနှင်းသီရိဇော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သူရအောင်၊မနှင်းသီရိဇော်။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ဦးမောင်ထွန်း–ဒေါ်ခင်အေး တို့၏ သားဖြစ်သူ မောင်ဇော်မင်းထွန်း ၁၂/ အစန(နိုင်)၀၆၈၀၈၄ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ၂၀–၄–၂၀၀၄ ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

မိခင်၊ ဖခင်များ
ဦးမောင်ထွန်း ၁၂/အစန(နိုင်)၁၂၈၆၈၆
ဒေါ်ခင်အေး ၁၂/အစန(နိုင်)၁၂၈၆၈၇
စဥ့်ကူရပ်ကွက်၊ သီတာလမ်း၊ အင်းစိန်မြို့နယ်။

ပြောင်းလဲခေါ်ပါရန်

ဦးမျိုးမင်း၏သား မင်းဘူးမြို့၊မြို့မ အလက–စတုတ္ထတန်းနေ မောင်မျိုးဟန်ထက်အား ယနေ့မှစ၍ မောင်စွမ်းရည်ထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စွမ်းရည်ထက်။**

ကျေးဇူးဆပ်မည်

အ/၄၆၆၂၊ သ/၇၉၆၇ တို့၏ ဓာတ်ဆီစာအုပ်နှင့် (VIC)ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။

ဦးလှရွှေ(မွေးကုဦးစီး–အင်းစိန်)။

တိုက်သစ်ရောင်းမည်

ဗဟန်းမြို့နယ် ကမ္ဘာအေးလမ်းမတန်း သုံးထပ်တိုက်သစ်၊ ရေကူးကန်ပါ။

ဖုန်း–၀၉ ၈၀–၂၀၅၈၀

‘စေ’တစ်လုံးဆေးတိုက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့မှ ဆရာထွန်းနှင့်သမီး ဒေါ်စမ်းစမ်းအေး(တဆ–၀၃၈၂၈)တို့မှ အောက်ပါရောဂါများကို ကုသပေးနေပါသည်။

ဂရင်ဂျီနာ၊ အနာပဆုပ်၊ မီးယပ်အမျိုးမျိုး၊ ထုံနာကျဉ်နာ၊ လေးဖက်နာ၊ ချောင်းဆိုး၊ ပန်းနာရင်ကျပ်၊မျက်စိရောဂါ၊သွေးတိုး၊ သွက်ချာပါဒ၊ လေငန်းရောဂါ၊ နှလုံးတုန်ရင်ခုန်၊ မူးဝေမောပန်း၊ အသက်ရှူမဝ၊ အိပ်မပျော်သောရောဂါ၊ သွေးဝမ်းကျရောဂါ၊ သူငယ်နာ၊ အမျိုးသားများတွင် ဖြစ်တတ်သော အူကျရောဂါ၊ လိပ်ခေါင်းရောဂါအမျိုးမျိုးတို့နှင့် အမျိုးသမီး ရင်သားကင်ဆာ အကျိတ်နှင့် အကျိတ်အမျိုးမျိုးတို့ကို မခွဲမဖြတ် ကုသပေးနေပါသည်။

ဆေးခန်းဖွင့်ချိန် – နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ (ဥပုသ်နေ့တိုင်းပိတ်သည်။)

အမှတ် ၁၉ (မြေညီထပ်)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊တာမွေ၊ရန်ကုန်မြို့
ဖုန်း–၀၉–၈၀–၂၃၅၂၄၊ ၀၉–၅၀၀–၇၉၆၃

အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ဗညားသိုင်းမွန်သည် မိမိ ဆန္ဒအလျောက်ပြုမူသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ မည်သည့်ကိစ္စမှ အသိအမှတ်ပြုခြင်း၊ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင်–ဦးမျိုးဝင်း
ဒဂုံမြောက်ပိုင်း(ရန်ကုန်)။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မကြည်ကြည်ခင် ၁၂/သကတ(နိုင်)၁၂၅၃၉၅ သည် မိဘသဘော မတူသည့်ကိစ္စကို ဆောင်ရွက် လုပ်ကိုင်ပြီး မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါ၍ ကြော်ငြာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။(၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။) စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင်–ဒေါ်ညိမ်းတင်။

လူပျောက်ကြော်ငြာ

ကျွန်တော် မောင်မျိုးမြင့်အောင်၏ဇနီးဖြစ်သူ မမော်မော်ဦး ၁၂/ဥကတ (နိုင်) ၀၀၄၇၁၅ ကိုင်ဆောင်ထားသူသည် ၉–၅–၂၀၀၄ရက် နံနက် ၉း၃၀ နာရီတွင် နေအိမ်မှ ဈေးသို့သွားစဉ် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင် ဖြားယောင်းလက်ခံထားသူအား ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အကြောင်းကြားသူအား ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

ဦးမျိုးမြင့်အောင်
အမှတ် ၁၉၊ သစ္စာလမ်း
၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့
ဖုန်း–၅၇၀၀၃၂၊၂၉၈၂၅၀၊၂၉၁၁၅၄၊၅၇၂၈၄၈။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်သိန်းဇော်ဦး ၁၂/ဥကတ (နိုင်) ၁၄၇၀၉၈ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုမူနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။) (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်စန်းစန်းအေး
၁၂/ဥကတ(နိုင်)၀၃၃၁၇၀

ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန်ချိန်းဆိုသောနေ့ရက် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)

သာယာဝတီခရိုင် တရားရုံး

၂၀၀၄ ခုနှစ်၊ ဇာရီမှုအမှတ်– ၈

၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၃၂

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်	နှင့်	၁။ ဦးဝင်းမောင်
ဇီးကုန်းမြို့		၂။ ဒေါ်သန်းဝင်း
ဒီကရီရသူ		**တရားရှုံးများ**

ဇီးကုန်းမြို့၊ အမှတ် (၁)ရပ်ကွက်၊ အေးမြသာယာမြို့သစ် (၇)လမ်းနေ ဦးဝင်းမောင်နှင့် ဒေါ်သန်းဝင်း (ယခုနေရပ်လိပ်စာမသိ) သူတို့ သိစေရမည်။

အထက်ပါအမှုတွင် တရားရှုံးများပိုင် မြေနှင့်အိမ်ကို ကြမ်းခင်းဈေးကျပ်၁၇သိန်းနှင့် ရောင်းပါမည့်အကြောင်း ဒီကရီရသူ မြန်မာ့စီးပွားရေးဘဏ်၊ ဇီးကုန်းမြို့က လျှောက်ထားသောကြောင့် သင်တို့သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၀၄ ခုနှစ် မေလ ၁၉ရက်နေ့ မွန်းမတည့်မီ ၁၀နာရီအချိန် ချိန်းဆိုပြီးဖြစ်သည်။

၂၀၀၄ ခုနှစ် မေလ ၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လှရီ
ဒုတိယခရိုင်တရားသူကြီး
သာယာဝတီခရိုင်တရားရုံး။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀

ရန်ကုန်တိုင်းတရားရုံး၌

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၃၈/၃၈၄

ဒေါ်မို့မို့ရှိန်	နှင့်	ဦးမြင့်အောင်
အခန်း ၄၊ တိုက် ၂၂၂		အမှတ် ၃၆(အေ)၊ ဖိုးစိန်လမ်း
တိုက်လေးလုံးတန်း		တာမွေမြို့နယ်
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။		ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

အထက်ပါ အမှုအမှတ် ၃၆ (အေ)၊ ဖိုးစိန်လမ်း၊ တာမွေမြို့နယ်နေ ဦးမြင့်အောင် (ယခု နေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်မို့မို့ရှိန်က အိမ်မြေဖိုး ငွေကျပ် သိန်း ၃၀၀ ရလိုမှုနှင့် ၂၂–၁၂–၂၀၀၃ ရက်စွဲပါ ယုံကြည်အပ်နှံခြင်း ကတိစာချုပ်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုများ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မေလ ၂၇ ရက်နေ့ (၁၃၆၆ ခုနှစ် နယုန်လဆုတ် ၉ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူတစ်ပါတည်း ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မေလ ၁၂ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညွှန့်နွယ်
တွဲဖက်တိုင်းတရားသူကြီး(၇)
ရန်ကုန်တိုင်းတရားရုံး။



နန်းဥမ္မာနွယ်

ကာယအလှသင်တန်း

၁-၆-၂၀၀၄ စတင်လက်ခံပြီ။

တိုက် ၁၊ အခန်း ၀၁၄၊ ဝေဇယန္တာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၅၇၁၀၂၃

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(1) Sales Promoter (မ)

ဘွဲ့ရ သို့မဟုတ် ၁၀တန်းအောင်ပြီး၊ အသက် ၂၅ နှစ်အောက်ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်ပြီး အပြောအဆို ပြေပြစ်ရည်မွန်ရမည်။

(2) Computer Operator (မ)

တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး အသက် ၃၀ နှစ်အောက် အင်္ဂလိပ်၊ မြန်မာ စာစီစာရိုက် ကျွမ်းကျင်ရမည်။ Microsoft Excel ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

(3) Sales Representative (ကျား)

တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး အသက် ၃၅ နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိ၍ သွက်လက်တက်ကြွစွာ တာဝန်ထမ်းဆောင်နိုင်သူ ဦးစားပေးမည်။

(4) Driver (ကျား)

၁၀ တန်း အောင်ပြီး "င"လိုင်စင်ရှိရမည်။ အသက် ၃၈ နှစ်အောက် ယာဉ်မောင်းကျွမ်းကျင်၍ ယာဉ်မောင်းသက်တမ်းအနည်းဆုံး ငါးနှစ်ရှိပြီး ကျန်းမာရေးကောင်းမွန်၍ နယ်ခရီးအတွေ့ အကြုံရှိရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။

အထက်ပါရာထူးအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ခြောက်လအတွင်း ရိုက်ထားသော လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်၊ လိပ်စာ အပြည့်အစုံရေးသား၍ **အမှတ် ၅၂၀(ခုနစ်လွှာ)၊ Excel Treasure Tower ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့**သို့ ကြော်ငြာပါသည့် နေ့မှတစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

(ပြည့်စုံမှုမရှိသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။)


ဝန်ထမ်းအလိုရှိသည်

Freight Forwarding

(၁)	Public Relation Manager	(၁) ဦး
(၂)	Public Relation Executive	(၂) ဦး
(၃)	Operation Executive	(၁) ဦး
(၄)	Operation Officer	(၂) ဦး
(၅)	Operation Assistant	(၂) ဦး
(၆)	Document & Customer Services Executive	(၁) ဦး
(၇)	Document & Customer Services Officer	(၂) ဦး
(၈)	Document & Customer Services Assistant	(၂) ဦး
(၉)	ယာဉ်မောင်း	(၂) ဦး

Assistant

Operation

(Within Five Working Days)

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဟိုး (မန္တလေး)

အသက်(၈၃)နှစ်

ဦးအိုက်စံ(မြန်မာပြည်မှာ ဆန်းရှိုင်း)-ဒေါ်အေးအေးလွင်တို့၏ဖခင်ဖြစ်သူ ဦးကျော်ဟိုးသည် ၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်မောင်သောင်း-ဒေါ်သိန်းသိန်းမြင့်
ဆန်းရှိုင်းသားရေဆိုင်ဝန်ထမ်းများ(ရန်ကုန်)။

အမည်ပြောင်း

ဦးစန်းဖေ ၅/အတန (နိုင်) ၀၄၀၈၃၃ ၏ သမီး အထက(၁) ကလေး န၀မတန်း(A)မှ မခင်မျိုးလွင်အား ယနေ့မှစ၍ မနှင်းအိမျိုးဟု ပြောင်းလဲခေါ်ပါရန်။ **မနှင်းအိမျိုး။**

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မအဝီစိတွင်းတစ်တွင်း တူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ ၁၄ ရက် ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ** ဒေါ်အုန်း၊အမှတ်၁၂/ခ၊ ရန်ပြေ ၁၃လမ်း၊ ၃ရပ်ကွက်၊သာကေတမြို့နယ်၊ **တူးဖော်မည့်နေရာ မြေကွက်အမှတ်** ၆၄၉/ခ၊ **မြေတိုင်းရပ်ကွက်အမှတ်** ၃/ရန်ပြေ။ **သန်းသန်းစိုး**
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
(ရုံးချုပ်)။

စစ်ကိုင်းအသင်း(ရန်ကုန်)

ဦးတင်ငွေ

အသက် (၇၀)

စမ်းချောင်းမြို့နယ်၊ အမှတ် ၂၉၊ ပဒုမ္မာလမ်းနေ ဦးတင်ငွေ အသက်(၇၀) စစ်ကိုင်းအသင်း အတွင်းရေးမှူး(ငြိမ်း)သည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ဝါဝါယဉ်ဝင်းစိုး First Batch

(ယဉ်ကျေးမှုတက္ကသိုလ်)

သူငယ်ချင်း-

မထင်မှတ်ဘဲ ခွဲခွာသွားလို့ တို့အားလုံး ဝမ်းနည်းနေကြတယ်။

ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသားဟောင်းများအသင်း။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်တင်ညွန့် (ပဲခူး)
အသက်(၈၃)နှစ်

ပဲခူးမြို့နေ (ဦးဖိုးဝေ–ဒေါ်သက်သက်)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ ခြံအမှတ် ၃၃ နေ ဇေယျကျော်ထင် ဦးမျိုးမြင့်(အငြိမ်းစား၊ ဒုတိယဝန်ကြီး၊သံအမတ်ကြီး)၏ဇနီး၊(ဗိုလ်မှူးထွန်းအောင်ကျော်)–ဒေါ်သဇင်မြင့်၊ ဗိုလ်မှူးချုပ်မြင့်စိုး–ဒေါ်မာလာမြင့်၊ ဦးဘုန်းမောင်မြင့်–ဒေါက်တာတင်ဇာလွင်၊ဦးလှချစ်–ဒေါ်သီဂီမြင့်၊ဦးဘုန်းနိုင်မြင့်–ဒေါ်အေးအေးမွန်၊ ဒုတိယဗိုလ်မှူးကြီးအောင်မျိုးမြင့်–ဒေါ်မာလာဝင်း၊ ဦးကျော်မိုးမြင့်–ဒေါ်ခင်အေးသိုက်၊ ဦးသီဟမျိုးမြင့်–ဒေါ်ရည်မွန်အောင်တို့၏မိခင်ကြီး၊ မခင်ပြည့်စုံ၊ မောင်ဗညားစိုး၊ မလင်းမာ၊ မောင်ပြည့်ဖြိုးအောင်၊ မသီရိ၊ မောင်ဖြိုးဝေစိုး၊ မောင်မျိုးဝေစိုး၊ မအေးအေးသီတာအောင်၊ မောင်အောင်စစ်မိုး၊ မေမွန်ဘုန်းနိုင်၊ မရည်သွယ်အောင်၊ မောင်ကောင်းဆက်မိုးမြင့်၊ မောင်ကျော်သူရ၊ မမေဇွန်ဘုန်းနိုင်၊ မခိုင်ချိုတို့၏ဘွားဘွားကြီးသည် ၁၄–၅–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅–၅–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

သခင်မ ဒေါ်လှလှ (ရေနံချောင်း)
အသက်(၈၀)

ရေနံချောင်း(သခင်ဘစိန်–ဒေါ်ခင်ညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၄ ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ ခြံအမှတ် ၅ (ဒီ)နေ [ဒုတိယဗိုလ်မှူးကြီးအောင်ဖေ(မော်ကွန်းဝင်ပထမဆင့်၊နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)]၏ဇနီး၊ ဒေါက်တာစိုးအောင်–ဒေါ်ချိုချိုတို့၏မိခင်၊ မောင်မျိုးသီဟနိုင်၊ မောင်ဖြိုးသီဟတို့၏ဘွားဘွားကြီးသည် ၁၅–၅–၂၀၀၄ ရက် နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇–၅–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ဇရပ်ဒါယကာကြီး
ဦးလှမောင် (ပထဝီဝင်)
Ma Co L Kom
(စိန့်အဲဘတ်ကျောင်းသားဟောင်း)
အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (သစ်တောဝန်ဦးကံ–ဒေါ်စောတင့်)တို့၏တစ်ဦးတည်းသောသား၊ (ဦးသန်းရွှေ–ဒေါ်စောရင်)တို့၏တူ၊ စစ်ကိုင်းမြို့နေ (ဦးဘခင်–ဒေါ်ဒေါ်ဇင်)တို့၏သားသမက်၊ ဦးသက်မင်း(ရပ်ရှင်လုပ်ငန်း၊ငြိမ်း)–ဒေါ်ဖြူတီ၊ မန္တလေးမြို့နေ ဗိုလ်မှူးသိန်းတန်–ဒေါ်လွင်လွင်မာ(အလက–၁၆)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏ဘိုးဘိုးကြီး၊ ဒေါ်ခင်မေညွန့်(ဆိုင်အမှတ် ၆၇၊ H ရုံ၊ ပထမထပ်၊ ရွှေဆိုင်တန်း)၏ခင်ပွန်းသည် ၁၄–၅–၂၀၀၄ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာနသို့ လှူဒါန်းလိုက်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မြန်မာနိုင်ငံဇီဝဌာယီအဖွဲ့
ဦးရွှေမျိုး (နာယက)
အသက်(၈၀)

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်ဝင်း S.A.T(ငြိမ်း)၏မောင်၊ အနော်ရထာလမ်းနှင့် ၃၈လမ်းထောင့်၊ တိုက် ၁၀၄၊ အခန်း ၁၆နေ တရားရုံးချုပ်ဒုညွှန်မှူး(ငြိမ်း)သည် ၁၃–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇–၅–၂၀၀၄ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်၍ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီ ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဒေါက်တာဦးဇော်ဝင်းအောင်
ငှက်ဖျားဆရာဝန်ကြီး၊
မကွေးတိုင်း
အသက်(၅၆)နှစ်

မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်နေ ဦးတင်အောင်–ဒေါ်ကျင်ထွေးတို့၏သားကြီး၊ ကျုံပျော်မြို့နေ (ဦးမောင်ဒွေး–ဒေါ်နှောင်း)တို့၏သားသမက်၊ မကွေးမြို့ ကံသာရပ်နေ ဒေါ်နော်လှလှ၏ ခင်ပွန်း၊ မောင်ဇော်ဟေမာန်ဦး–မဆွေဇင်မြတ်၊ မထာနီဝင်းအောင်၊ မမိုးပပမော်တို့၏ဖခင်၊ မကြယ်စင်လင်း၏ အဘိုးသည် ၁၅–၅–၂၀၀၄ ရက် နံနက် ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၅–၂၀၀၄ရက် ညနေ ၄ နာရီတွင် မကွေးမြို့ သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

အဖ ဦးစောဆာထူး၏သား အထက(၄) ဒဂုံမြို့သစ်မြောက်ပိုင်း သတ္တမတန်း(B)မှ မောင်ဥက္ကာအောင်အား မောင်ငြိမ်းချမ်းသူဟု ပြောင်းလဲခေါ်ပါရန်။ မွေးသက္ကရာဇ် အမှန်မှာ ၈–၇–၁၉၉၁ ဖြစ်ပါသည်။

မောင်ငြိမ်းချမ်းသူ။

အမည်ပြောင်း

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၄) ဒုတိယတန်းမှ ဦးကျော်စွာအောင်၏သား မောင်ရန်နိုင်အောင်အား မောင်ကိုကိုလင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကိုကိုလင်း။

အမည်ပြောင်း

အဖ ဦးညီညီထွန်းသိန်း၏သား အောင်မြေသာ အမက ခေတ္တရာမြို့သစ် စတုတ္ထတန်း(က)မှ မောင်စောခွန်လှိုင်အား မောင်စိုင်းခွန်မင်းဟု ပြောင်းလဲခေါ်ပါရန်။

စိုင်းခွန်မင်း။

လွမ်းဆွတ်သတိရခြင်း

ကျေးဇူးရှင်ဖခင်ကြီး ဦးအောင်ချစ်ကြန် ကွယ်လွန်ခဲ့သည်မှာ အနှစ် ၃၀ ပြည့်မြောက်ပြီး ကျေးဇူးရှင်မိခင်ကြီးဒေါ်ညွန့်ညွန့်ဦး(ဘောင်းနို့ဆီ မန္တလေး) ကွယ်လွန်ခဲ့သည်မှာ ၁၆–၅–၂၀၀၄ ရက်တွင် သုံးနှစ်ပြည့်မြောက်ခဲ့ပါသည်။ ဖခင်ကြီးနှင့်မိခင်ကြီးတို့၏ဂုဏ်ကျေးဇူးကို အောက်မေ့လျက် သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လစဉ်၊နှစ်စဉ်ရည်စူး၍ လှူဒါန်းခဲ့ပါသည်။ ထိုကုသိုလ်ဒါနများကို ဖခင်ကြီးနှင့်မိခင်ကြီးတို့အား အမျှပေးဝေပါသည်။ အမျှ–အမျှ–အမျှ

အဖေနှင့်အမေမြင့်မြတ်သောဘုံဘဝမှ
သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ–

သားကြီး–ဦးမွန်မျိုးအောင်–ဒေါ်ဝါဝါခိုင်
သမီးကြီး–ဦးဒေးဗစ်–ဒေါ်မိမိမွန်
သမီးငယ်–ဦးစောရဲဦး–ဒေါ်နန်းမိုးမိုးမွန်ဦး
မြေး–မောင်ဉာဏ်ထွန်း၊ မောင်ရဲရင့်မွန်ဦး၊ မောင်စောသက်ပိုင်ဦး၊ မခင်နန်းညွန့်စော။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
S.O Habeen Mobamed
(ခ)ဦးအောင်ညွန့်
ရွှေနှင်းဆီဇကာဆိုင်
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊အမှတ်၂၃၇၊ ရွှေဘုံသာလမ်းနေ ဟာဂျီမဒေါ်ညွန့်ရီ(ဒေါ်ညွန့်ရီဇကာဆိုင်)၏ခင်ပွန်း၊ ဟာဂျီမဒေါ်အေးအေးသန်း(B.Sc, Bot)–ဟာဂျီဦးကျော်စိန်၊ ဟာဂျီမဒေါက်တာ အေးအေးသိန်း–ဟာဂျီဒေါက်တာအောင်မြင့်၊ ဟာဂျီမဒေါ်တင်တင်ညွန့်(M.Sc, FI HGP, RL)–(ဦးတင်ရွှေ)၊ ဒေါ်တင်တင်အေး–ဦးအောင်လှနွယ်၊(ဟာရွန်ရရှစ်(ခ)မောင်စိန်ညွန့်ဦး)တို့၏ဖခင်၊မြေး ၁၃ ယောက်တို့အဘိုးသည် ၁၃–၅–၂၀၀၄ ရက်(ကြာသပတေးနေ့) နံနက် ၄:၄၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ကို ခံယူသွားပါသဖြင့် ယင်းနေ့ အစွရ်နမာဇ်အပြီး ရေဝေးကာဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ပလ္လင်ဒါယကာ
ဦးစိုးတင့် (ဝတ်ကြီးရွာ)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်၁၂၄၊ အခန်း ၂၁၊ ဆူးလေဘုရားလမ်းနေ (ဦးချစ်လင်း–ဒေါ်ဖွားမျှင်)တို့၏ သား၊ (ဗိုလ်မှူးလှတင်–ဒေါ်ကြွေ)တို့၏ သားသမက်၊ (ဦးထွန်းမြင့်ထွန်း)–ဒေါ်တင်ရီ၊ဦးစိုးသိန်း–ဒေါ်ခင်ဌေးတို့၏ညီ/မောင်၊ ဦးအောင်ဆန်း–ဒေါ်မြင့်မြင့်တို့၏အစ်ကို၊ ဦးတင်ရွှေ–ဒေါ်မိမိတင်၊ ဦးတင်မောင်မြင့်–ဒေါ်ကြည်ကြည်တင်တို့၏အစ်ကို၊ ဒေါ်အိအိတင်၏ ခင်ပွန်းသည် ၁၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇–၅–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးမြတ်ကျော်ဦး
B.Sc (Bot:)Q,(OTS-91)
ယာယီခွဲမှူး(ဗိုလ်မှူး)
အသက်(၃၄)နှစ်

မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝနေ အရာခံဗိုလ်လှသိန်း–ဒေါ်ကျင်ကျင်မြင့်တို့၏ သားကြီး၊ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)–ဒေါ်အေးရီ၊ အရာခံဗိုလ်စိန်လှိုင်–ဒေါ်တင်တင်မြင့်တို့၏တူသား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ(၂)၊ တိုက် ဝဝ၄၊ အခန်း၄နေ ဦးမောင်ကို–ဒေါ်ညွန့်ရီတို့၏ သားသမက်၊ (ဒေါ်တင်တင်ထွေး)၏ခင်ပွန်းသည် ၇–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် တနင်္သာရီမြို့၌ ကောင်းမွန်စွာသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
မဆာဂျေဒါဘီ(ခ)
မခိုင်ဇင်လင်း(ခ)ဂျေဂျေ
အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၈လမ်း၊ အိမ်အမှတ် ၂၀နေ ဟာဂျီဦးဝေလင်း–ဟာဂျီမဒေါ်အေးအေးနိုင်တို့၏ ဒုတိယသမီး၊ မနွယ်ဇင်လင်း၊ မောင်သန့်ဇင်လင်း– မဇာခြည်စိုးညွန့်တို့၏ညီမ၊ မကေဇင်လင်း၊ မနှင်းဇင်လင်းတို့၏အစ်မသည် ၁၅–၅–၂၀၀၄ ရက် နံနက် ၁၁:၃၀နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ အစွာလ်နမာဇ်အပြီး ရေဝေးစွန်နီကာဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရင်
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊အမှတ်၅၉၊လေးထောင့်ကန်လမ်းနေ (ဦးဘလှိုင်–ဒေါ်ငယ်မ)တို့၏ သမီး၊ (ဦးပါ)၊(ဒေါ်လှရင်)တို့၏ညီမ၊ (ဦးထွေးဖေ)၏ ဇနီး၊ ဒေါ်အေးမိ–ဦးကျော်ကျော်(အင်/ယာမှူးကြီး၊ပြည်သူ့လုပ်ငန်းရုံးချုပ်)၊ ဒေါ်ခင်စု–(ဦးကျော်စိုးခိုင်)၊ ဒေါ်တိုးရီ(လ/ထအင်/ယာ၊ ဗိသုကာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးချုပ်)–ဦးတင်ထွန်းမြင့်(ဗိသုကာ)၊ ဦးမြင့်သိန်း(ဦးစီးအရာရှိ၊ဆ/မ၊တိုင်းတာရေး)– ဒေါ်သန်းသန်းလှ၊ ဒေါ်ကြူကြူ–ဦးဝင်းဇော်(နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏မိခင်၊ ဒေါက်တာမိုးကျော်ကျော်၊ မရတနာကျော်–ကိုလွင်မိုး(ပညာအလင်းပြ)၊James Kaw၊မခိုင်ဦးမြင့်(IAD)၊ မဆွေဦးမြင့်၊ မအိန္ဒြာအောင်(B.E, Electronic)၊ မလဲ့ဝင်းစု(Sedona Hotel Sales)၊ မမြင့်ကေခိုင်(UFL)၊ မောင်ခန့်ကိုကိုတို့၏အဘွား၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၅–၅–၂၀၀၄ရက် နံနက်၁၀:၂၂နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၇–၅–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဲအုပ်သိန်းလှ(ငြိမ်း)
သတင်းတပ်ဖွဲ့
ရွှေလောင်းမြို့
အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၂၅၊ ပါရမီလမ်း၊ (၅)ရပ်ကွက်နေ (ဦးပု–ဒေါ်လေးရှင်)တို့၏ သားကြီး၊(ဒေါ်နီ)၊(ဒေါ်ကြည်)၊ဒေါ်ခင်ချို(ကကလျှပ်၊ ငြိမ်း)တို့၏ အစ်ကိုကြီး၊ ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဦးသန်းဝေ–ဒေါ်ခင်ဝင်းသိန်း(အလုပ်ရုံစိတ်မှူး၊ တပ်/မိုးရေကာ)၊ ဒေါ်ခင်စိုးသိန်း (လယ်ယာထွက်ကုန်)–ဦးခင်မောင်သိန်း(မြန်မာ့လယ်ယာစက်ပစ္စည်းလုပ်ငန်း၊စက်မှု–၂)၊ ဒေါ်အေးအေးသိန်း(မြန်မာဒေဂူး)၊ ဒေါ်သီတာသိန်း(နရခ–ရေး)၊ ဦးဝင်းဇော်သိန်း(လ/ထ အင်ဂျင်နီယာ၊ ဆသရ)–ဒေါ်စိုးမိုးလှိုင်(လ/ထ အင်ဂျင်နီယာ၊ ဆသရ)တို့၏ဖခင်၊ မောင်ကျော်သူဟန်(ရေအရင်းအမြစ်)၊ မောင်စည်သူဟန်–မနီလာစန်းမြင့်၊ မကျော့ရည်မွန်(စက်မှုလက်မှု ငွေချေးဌာန၊ ရုံးချုပ်)၊ မထက်မြတ်မွန်(အထက–၄၊ တောင်ဥက္ကလာပ)တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၄–၅–၂၀၀၄ ရက် ည ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၅–၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စမ်းစမ်းမြင့် (အန်တီစမ်း)
(ဟံသာမြင့်)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၂၄၄၊ ကျိုက္ကဆံလမ်း၊ တတိယလွှာ ခေါင်းရင်းခန်း၊ ကျားကွက်သစ်ရပ်ကွက်နေ (ဦးလှထွန်း–ဒေါ်အေးတင်)တို့၏ သမီး၊ (ဦးထူး–ဒေါ်ညွန့်)တို့၏ သမီးချွေးမ၊ ဦးခင်ကြိုင်၏ဇနီး၊ (ဦးမြင့်ထွန်း–ဒေါ်သက်ယုဝင်း)၊ ဦးမြင့်သန်း–ဒေါ်ကြည်ကြည်စိန်တို့၏ညီမ၊ ဦးမြင့်ဆန်း–ဒေါ်အေးဝင်းတို့၏အစ်မ၊ ဦးဝင်းဆွေ–ဒေါ်မာလာအေး(အလိမ္မာ)၊ မောင်သက်မျိုးဇော်–မစောသဇင်ဦးတို့၏ မိခင်၊ ဦးသက်ထွန်း – ဒေါ်သန်းသန်းအေး၊ ဦးကျော်ဦး–ဒေါ်ဖြူဖြူအေး၊ မစုသက်လှိုင်၊ မောင်ရွှေစည်ဟံ၊ မအိခိုင်မွန်၊ မရည်ရည်မွန်တို့၏အဒေါ်၊ ဗိုလ်လောင်းဖြူသက်မောင်၊ မောင်ဖြူသက်နောင်၊ မောင်ကျော်မြင့်ထွန်း၊မမေခက်မွန်၊မောင်သက်ဟန်သာဦးတို့၏အဘွားသည် ၁၄–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယကာကြီး
ဦးရွှေမျိုး (နတ်တလင်း)
B.A,°°B.L,°°D.M.A,°°B.C.S
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
တရားရုံးချုပ်
အသက်(၈၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်းနှင့် ၃၈ လမ်းထောင့်၊ တိုက် ၁၀၄–၁၁၂၊ အခန်း ၁၆ (ပထမထပ်)နေ(ဦးဘိုးမောင်–ဒေါ်မြသစ်)တို့၏သား၊ (ဦးကျော်ခင်–ဒေါ်ပု)၊ (ဦးစိန်အေး)–ဒေါ်သန်းရှင်၊ ဦးစိန်ချော(တိုင်းမင်းကြီး၊ ငြိမ်း)–(ဒေါ်မြနွဲ့)၊ (ဦးမောင်တင်–ဒေါ်ပု)၊ (ဒေါ်လေး)၊ (ဒေါ်အေး–ဦးအောင်သင်)၊ ဦးမောင်ဆင်–ဒေါ်ခင်ရွှေ၊ (ဦးထွေးရင်–ဒေါ်တင်တင်ကြည်)တို့၏အစ်ကို၊ ညီ/မောင်၊ ဒေါ်တင်လှိုင်(ခ)ဒေါ်နီ၊ ဦးငွေအောင်(တရားရုံးချုပ်)–ဒေါ်ခင်မာဝင်း (အထက–နတ်တလင်း)တို့၏ဖခင်၊ မဆုဆုစံ၏ အဘိုးသည် ၁၃–၅–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၁၀:၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၅–၂၀၀၄ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

လီကီးဝေ(ခ)
ဦးခွေးပိန် (ပုသိမ်မြို့)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊နေကြာသာယာကုန်းလမ်း၊တိုက်အမှတ်၇၊အခန်း၁နေ ဒေါ်တင်စိန်၏ခင်ပွန်း၊ဦးမျိုးအောင်–ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးကင့်ရှင်–ဒေါ်ခင်မြ၊ ဦးမျိုးနိုင်–ဒေါ်ငွေငွေဝင်း၊ ဦးဟန်ရှင်–ဒေါ်ရှုလင်း၊ ဒေါ်တင်တင်ဝင်း–ဦးကျင်စိန်၊ ဒေါက်တာခင်ပြုံး–ဒေါက်တာမင်းအောင်၊ ဒေါက်တာစိုးနိုင်–ဒေါ်ခင်ဖြူနှင်း၊ ဒေါက်တာခင်ထွေး–ဦးဝင်းစိန်တို့၏ဖခင်၊ မြေး၂၂ယောက်တို့၏အဘိုးသည် ၁၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇–၅–၂၀၀၄ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် နေအိမ်မှကားများ နံနက်၉:၃၀နာရီတွင် ထွက်ခွာပါမည်။ (ကြွင်းကျန်သောအရိုးကို ပုသိမ်မြို့ သရောင်းချောင်းသုသာန်တွင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါ၍ ပုသိမ်မြို့၊မြေနုလမ်း၊အမှတ်၅၀နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်း
(ထားဝယ်မြို့)
အသက်(၇၀)

ထားဝယ်မြို့၊ ကြက်စားပြင်ရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၆၈နေ (ဦးငွေရင်–ဒေါ်ခင်မေ)တို့၏သမီး၊ (ဦးအောင်မြင့်၊ ပြည်မြို့)၏ဇနီး၊ ဦးစောညွန့်–ဒေါ်ညီးမြ၊ဒေါ်စောတင်၊ဦးအုံးမောင်–ဒေါ်အေးတင်၊ ဦးညံသွန်း–ဒေါ်အေးသစ်၊ ဦးထွန်းတင်–ဒေါ်အေးအေးတို့၏ညီမ၊ဦးတင်အုန်း–ဒေါ်ပိုရီတို့၏အစ်မ၊ ကိုအောင်နိုင်ဦး–မသိဂီဦး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဇေယျာသီရိလမ်းသွယ်၊ အမှတ်(၅)စီနေ ကိုနေဝင်းအောင် (ရတနာဦးကားအသင်း)–မချိုချိုမြင့်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၃–၅–၂၀၀၄ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၅–၂၀၀၄ ရက် မွန်းလွဲ၁နာရီတွင် ထားဝယ်မြို့၊ကြက်စားပြင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအေးစော
စက်ရုံမှူး(ငြိမ်း)
ပြည်လျှော်ရွေးလျှော်ထုတ်စက်ရုံ
အသက်(၆၆)နှစ်

ဓနုဖြူမြို့နေ (ဦးဖေဥ–ဒေါ်သိမ်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၈၄၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးဘိုဝမ်း–ဒေါ်စိုးကြည်)တို့၏သားသမက်၊ ပြည်မြို့၊ အမှတ် ၇၄၊ရွှေတံခါးအပိုင်း(၁)၊ခေတ္တရာမြို့သစ်နေ ဒေါ်ခင်အေးကြည်၏ ခင်ပွန်း၊ ဗိုလ်ကြီးအောင်ခန့်၊ မရွှေရည်ဝင်းတို့၏ဖခင်သည် ၁၄–၅–၂၀၀၄ ရက် ည ၁၁:၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၅–၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဘဒ္ဒန္တ ကုန္ဒကမဟာထေရ်
(သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာအကျော်)
သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ပန်းတင်းကျွန်း၊ ငမောက်ချောင်းရွာ မဟာတေဇာရာမကျောင်းတိုက်၏ ပဓာန နာယက၊ ငမောက်ချောင်း သံဃပဝါရဏာဂိုဏ်းကြီး၏ ဂဏနာယက၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာအကျော်ဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တ ကုန္ဒကမဟာထေရ်မြတ်သည် ၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက် (၁၅–၅–၂၀၀၄ ရက်) စနေနေ့ နံနက် ၆:၃၀ နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

(ဈာပနရက်ကို ထပ်မံကြေညာပါမည်။)

သံဃာတော်များနှင့်တပည့်ဒါယကာ ဒါယိကာမများ။
မဟာတေဇာရာမကျောင်း၊ ငမောက်ချောင်းရွာ၊ ပန်းတင်းကျွန်း၊ တောင်ကုတ်မြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုသလ (ကျောက်တော်)
သက်တော်(၅၀)၊သိက္ခာတော်(၃၀)

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ပဒိုင်းကျေးရွာ၊ ပဒိုင်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တ ကုသလသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၉ရက် (၂၇–၄–၂၀၀၄)ရက် အင်္ဂါနေ့ ည ၉:၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ။

ခရစ်တော်၌အိပ်ပျော်ခြင်း
Anna ဒေါ်ခင်ကြည်
(အငြိမ်းစား)
စိန့်မေရီကျောင်းသူဟောင်း
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ တိုက်အမှတ် ၃၀၃၊ အခန်း၃ ၊သံသုမာလမ်းနေ (ဦးမြ–ဒေါ်မြ)တို့၏သမီး၊ ဦးသွင်ထွန်း(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ငြိမ်း)၏ ဇနီး၊ ဒေါ်ညွန့်ညွန့်ခင်–ဦးသိန်းလတ်(RTC)၊ ဦးမိုက်ကယ်နေမျိုး(UNICEF)–ဒေါ်လှလှအေး၊ ဦးငြိမ်းချမ်း၊ ဒေါ်သီတာသွင်(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ ဦးကြည်ထွေး–ဒေါ်သီတာ(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)တို့၏မိခင်၊ မြေး ရှစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည်အထက်ပါနေအိမ်၌ ၁၅–၅–၂၀၀၄ ရက် နံနက် ၉ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇–၅–၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် အမှတ် ၁၃၅၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်၊ ရှင်မိကေ္ခလ ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမြဟန်(ခ)ဦးအီစွတ်
အသက်(၇၇)နှစ်

အမှတ်၄၇၊ ကင်မွန်းခြံ၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးဆင်–ဒေါ်အေးယုံ)တို့၏သား၊ (ဦးလှချစ်–ဒေါ်စိန်ညွန့်)တို့၏ သားသမက်၊ (ဦးလွန်းခင်–ဒေါ်ချိုချို)တို့၏မောင်၊ ဒေါ်အုံး၏ခင်ပွန်း၊ ဦးစိုးမြင့် (စက်ပြင်၊စည်ပင်)–ဒေါ်သန်းသန်းအေး၊ ဦးခင်မောင်သန်း(လျှပ်စစ်၊မီးရထား)– ဒေါ်ကြည်ကြည်ဝင်း(တပ်ချုပ်/ထည်၊သမိုင်း)၊ ဦးတင်မောင်သန်း–ဒေါ်မြင့်မြင့်ကြည်၊ ဦးအောင်ကြူ၊ ဦးမျိုးအောင်(ခ)ကိုပြုံး၊ (ကိုဖြိုးအောင်)၊ ကိုဝင်းအောင်–မမြင့်မြင့်အေး၊ မအမာအေး(အနောက်ပိုင်းတက္ကသိုလ်)၊ ကိုကျော်ကျော်–မရီရီစန်း၊ကိုစန်းအောင်–မမိုးမိုးကြည်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၅–၅–၂၀၀၄ ရက် (စနေနေ့)မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၅–၂၀၀၄ ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှရီ
(ချစ်စရာဟိုတယ်)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၆၄နေ ဦးလုံးတင်၏ဇနီး၊ ဦးခင်မောင်လွင်–ဒေါ်သွယ်သွယ်၊ ကိုမောင်မောင်လွင်–မတင်စန်း၊ ကိုမျိုးနိုင်–မအေးအေးလွင်၊ ဒေါက်တာခင်အေးလွင်၊ ကိုညီညီလွင်–မမွှေးမွှေး၊ မချိုချိုလွင်၊ ကိုကျော်ဆန်းလွင်၊ မဥမ္မာဝင်း၊ ကိုထွန်းထွန်းလွင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် သဃ်န်းကျွန်းနေအိမ်၌ ၁၄–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၅–၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်)။ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရှိန် (ဖျာပုံမြို့)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တိုက်အမှတ်၄၊ အခန်း ၅၀၁၊ သစ္စာဥယျာဉ်အိမ်ရာ၊ စက်မှုဇုန် ၃လမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နေ ဦးဘရှိန်–ဒေါ်သိန်းဟန်တို့၏ သမီး၊(ဦးကိုကိုကြီး၊ရုက္ခဗေဒပါမောက္ခ၊ စိုက်ပျိုးရေးတက္ကသိုလ်)၏ဇနီး၊ (ဦးတင်မြင့်)–ဒေါ်တင်မကြီး(မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း)၊ ဦးတင်မောင်ကြီး (လက်ထောက်မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း) – ဒေါ်အေးအေးမြင့်၊ ဒေါက်တာစိန်မြအေး(B.D.S Dip Dsc ဒုဥက္ကဋ္ဌ၊ ပီတိကျန်းမာရေး စောင့်ရှောက်မှုသမဝါယမ)–ဒေါ်ဆွေဆွေကြီးတို့၏မိခင်၊ မောင်ဗိုလ်ဗိုလ်ဟိန်း၊ မရွှေရွှေထွန်း၊ မောင်မျိုးမြဆွေထွန်း၊ စိုးမြဆွေအေး၊ မိုးမြဆွေအေးတို့၏ ဘွားဘွားကြီးသည် ၁၅–၅–၂၀၀၄ရက် ညနေ ၅:၀၅နာရီတွင် သဃ်န်းကျွန်းစိပ်ပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၅–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံတင် (မြိတ်မြို့)
မြဝတီပုံနှိပ်တိုက်(အငြိမ်းစား)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၅)ရပ်ကွက်၊ အမှတ် ၁၆၅၊ သီရိမွန်လမ်းနေ (ဦးပိန်–ဒေါ်ချစ်မေ)တို့၏သား၊ (ဦးဘအို–ဒေါ်သွေး)၏သားသမက်၊ ဒေါ်သန်းရီ၏ခင်ပွန်း၊ ကိုကျော်ဆင့်၊ ကိုထွန်းလွင်–(မယဉ်ယဉ်သိုက်)၊ ကိုထွန်းထွန်းနိုင်–မနနုလွင်တို့၏ဖခင်၊ မောင်သုတစိုး၊ မောင်အောင်မြင့်မြတ်တို့၏အဘိုးသည် ၁၅–၅–၂၀၀၄ ရက် (စနေနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ၁၇–၅–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြမြ (ဇီးကုန်း)
အသက်(၇၀)

ဇီးကုန်းမြို့(ဓာတ်မီးစက်ဦးကျော်ဇံ–ဒေါ်ရီ)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာစီမံကိန်းဝင်း၊ ပိတောက်လမ်း၊ အမှတ်(၁၈၅)နေ(ဦးကြည်မြင့်၊MEPE)၏ဇနီး၊ ဦးမောင်မောင်သန်း–(ဒေါ်သန်းသန်းဝင်း)၊ ဦးဇော်သန်း(မြောက်ပိုင်းခရိုင်မှူး၊ အင်ဂျင်နီယာဌာန၊ လမ်း/တံတား၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ Dr.ဦးဝင်းမြင့်–ဒေါ်သဇင်သန်း၊ (ဦးလှိုင်သန်း)– ဒေါ်လှလှတိုးတို့၏မိခင်၊ပွင့်ပယသန်း(Forever Group)၊ မေသဇင်မြင့်၊ အောင်ပြည့်ဦး၊ ထွန်းဝင်းမြင့်၊ နှင်းနှင်းဦးတို့၏အဘွားသည် ၁၄–၅–၂၀၀၄ရက် မွန်းလွဲ ၂:၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၅–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ခွာပါမည်။)။ ကျန်ရစ်သူမိသားစု

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ပစ္စည်းသစ်မိတ်ဆက်သရုပ်ပြပွဲတက်ရောက်ချီးမြှင့် အီးဂါးဘားမင့်လုပ်ငန်းများတွင် အထောက်အကူပြုပစ္စည်းများသုံးစွဲနိုင်ရေး အိုင်တီလုပ်ငန်းများတွင်မရှိမဖြစ်သုံးနေသော အင်တီဗားရပ်စ်ဖဲဝဲလ်ပစ္စည်းများမိတ်ဆက်တင်ပြ

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ Fortinet Antivirus Firewall ပစ္စည်းသစ် မိတ်ဆက်သရုပ်ပြ ရှင်းလင်းပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် e-Government Projects များတွင် အထောက်အကူပြုနိုင်သည့် Fortinet Antivirus Firewall များ၊ Gemtek Systems Outdoor Wireless နှင့် ဆက်စပ်ပစ္စည်းများ၊ Linksys Net Working Products ပစ္စည်းများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၅

Bagan Cybertech ၏ပံ့ပိုးကူညီမှုဖြင့် e-Government လုပ်ငန်းများကို အထောက်အကူပြုရန်ရည်ရွယ်ကာ Fortinet Company ၏မြန်မာနိုင်ငံတွင် ပထမဦးဆုံးတရားဝင်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် Myanmar Millennium Group Co., Ltd. အားပေးအပ်ခြင်းနှင့် "Fortinet Antivirus Firewall" ပစ္စည်းသစ် မိတ်ဆက် သရုပ်ပြရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ၌ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ***စာမျက်နှာ ၈ ကော်လံ ၁*** ❍

နဘူးအိုင်တွင်အထက်တန်းကျောင်းဖွင့်၊ မြင်းခြံတွင်ကောလိပ်ဆင့် ကျေးလက်ဒေသပညာရေးအဆင့်မြှင့်

သတင်းဆောင်းပါး-စိန်ရွှေလှိုင်

ရန်ကုန် မေ ၁၅

တလောက သတင်းဆောင်းပါးရေးသားရန် မိတ္ထီလာသို့သွားရင်း မြင်းခြံကို ခရီးဆက်ခဲ့သည်။ မြင်းခြံကနေ မွေးရပ်မြေနဘူးအိုင်ကျေးရွာက မိဘများ ဆွမ်းချဘုရားပြုလုပ်ခဲ့သော ရွာဦးစေတီဘုရားပွဲသို့ သွားရောက်ခဲ့သည်။

မြင်းခြံသည် မြန်မာပြည်အလယ်ပိုင်းက အချက်အချာကျသော နေရာတွင်တည်ရှိသည်။ ရထားလမ်း၊ ကားလမ်း၊ ရေကြောင်းလမ်းဆုံသော နေရာတွင် တည်ရှိ၍ သွားလာဆက်သွယ်ရေးကောင်းမွန်သည်။ သွားလာဆက်သွယ်ရေးကောင်းမွန်သော မြင်းခြံဒေသ မြင်းခြံခရိုင်သည် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဆေးပါမကျန် သီးနှံစုံ ထွက်ရှိရာဖြစ်၍လည်း ပဒေသာမြေဟု ခေါ်ဆိုခဲ့ကြသည်။

ကောက်ပဲသီးနှံ

မြင်းခြံဒေသတွင် ကောက်ပဲသီးနှံ အလျှံပယ် ထွက်သည့်အပြင် ပဒေသာပင်ဟုခေါ်သည့် ထန်းပင်များစွာပေါက်ရောက်ရာအရပ်လည်းဖြစ်သည်။ ထန်းလျက် လှိုင်လှိုင်ထွက်ပြီး ကောက်ပဲသီးနှံမျိုးစုံရောင်းဝယ်ရာဒေသဖြစ်၍ မြင်းခြံသည် အထက်မြန်မာပြည်၏ ဈေးကွက်ပမာဖြစ်ခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●

ယနေ့ထုတ်စောင်ရေ

၁၉၈၀၀၉

မြင်းခြံစက်မှုသိပ္ပံ

မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာနေပြည်သူများအားထားရာ အစိုးရစက်မှုသိပ္ပံကျောင်းကို ဤသို့ ခမ်းနားထည်ဝါစွာ တွေ့ရသည်။

ဆူမိုနပန်းပွဲ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ မေ ၁၄ ရက်က နွေရာသီ ဆူမို နပန်းသတ်ပြိုင်ပွဲကို ကျင်းပခဲ့သည်။ ယင်းနပန်းသတ်ပြိုင်ပွဲတွင် ဂျပန်ထိပ်တန်း နပန်းသမားကြီးတစ်ဦးဖြစ်သူ မေဂါရှိုရာ ဟိုကုတိုရိုကီက မွန်ဂိုလီးယားအဆင့်မြင့်ချန်ပီယံတစ်ဦးဖြစ်သည့် အဆာရှောရုအား လှဲချရန် ကြိုးစားနေစဉ်။**(အပေါ်ပုံ)** အဆာရှောရုသည် နွေရာသီနပန်းပွဲများ ကျင်းပစဉ်ကာလက (၃၅)ကြိမ် မြောက် ဆက်တိုက်အောင်ပွဲများရရှိနေသော်လည်း ဟိုကုတိုရိုကီအား အနိုင်ရမည်မဟုတ်ဟုဆိုသည်။

အေပီ။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မသန်စွမ်းသူများကိုကူညီသည့်မျောက်များ

မေ ၇ရက်က ဘော်စတွန်မြို့ ဘရစ်ဂျ်ကွန်ဒေသ၌ မသန်စွမ်းသူများအသင်း မျောက်ပညာသင်ကျောင်းမှ အသက် ၁၀ နှစ်အရွယ် ကာပါချင်အမည်ရှိ မျောက်တစ်ကောင်သည် ကူညီသောလက်များခေါ် ကူညီသူမျောက်များဆိုသည့် အခမ်းအနားဖွင့်ပွဲတွင် တယ်လီဖုန်း ဆက်ပြနေသည်ကို တွေ့ရစဉ်။ **(အောက်ပုံ)** အဆိုပါအသင်းမှ မျောက် ၉၃ကောင်ကို အကြောသေသူများ (သို့မဟုတ်)မသန်စွမ်းသူများအား ကူညီပေးရန် လေ့ကျင့်သင်ကြားပေးခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။